# ကြေးမုံ
The Mirror

၁၉၅၇ ဖေ‌ဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့၊ (17-1-2016) (၈၄၄၈)


## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)



မေတ္တာနန္ဒဆေးရုံဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

# သံဃာတော်များနှင့် ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် မေတ္တာနန္ဒဆေးရုံ ဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ယက္ကန်းစင်တောင်ဒေသရှိ မေတ္တာနန္ဒ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုး၊ ဒေါက်တာသန်းအောင်၊ ဦးစိုးဝင်း၊ ဦးရဲထွဋ်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသထံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယသမ္မ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# နိုင်ငံတိုးတက်မှုအတွက်အရေးပါသော ဒေသဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းသည် အလွန်မွန်မြတ်သောကုသိုလ်ဒါနဖြစ်

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ယက္ကန်းစင်တောင်ဒေသရှိ ကျေးရွာပေါင်း ၂၇ရွာမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးကိုစောင့်ရှောက်ပေးနိုင်ရန် တောင်ခြေအနီးတွင် ဒယာနန္ဒဖောင်ဒေးရှင်းမှ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသဆရာတော်ကြီးဦးဆောင်၍ စေတနာရှင် ဒါယကာဒါယိကာမများ ဆောက်လုပ်လှူဒါန်းသည့် မေတ္တာနန္ဒဆေးရုံဖွင့်ပွဲနှင့် နိုင်ငံတော်သို့လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က စည်ကားသိုက်မြိုက်စွာကျင်းပရာ ဆရာတော်ကြီးနှင့်တကွ အလှူရှင်များ၊ ဒေသခံရွာသူရွာသားများ၏ ကြည်နူးဝမ်းမြောက်စွာပြောကြားခဲ့ကြသည့် ပီတိစကားသံများကို ဖော်ပြလိုက်ပါသည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့**



တင်မောင်၊ မင်းထက်အောင် (မန်းကိုယ်ပွား)

**ဆရာတော် သံဃာတော်များနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် မေတ္တာနန္ဒဆေးရုံ အဆောက်အအုံအား တွေ့ရစဉ်။** (သတင်းစဉ်)




ကြေးမုံစာတည်းရှုထောင့် ၁၇-၁-၂၀၁၆၊ တနင်္ဂနွေနေ့

# ရပ်အကျိုးရွာအကျိုး တကယ်သယ်ပိုး

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးမှူးများကို ပြန်လည်ရွေးချယ်တင်မြှောက်နေပြီဖြစ်သည်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးပြန်လည်ရွေးချယ်ရာတွင် ပြည်သူတစ်ယောက်အနေဖြင့် လက်လွတ်မခံသင့်ပေ။ အရွေးခံသူများထဲမှ မိမိနှစ်သက်ရာပုဂ္ဂိုလ်ကို အဂတိကင်းရှင်းစွာဖြင့် ရွေးချယ်ကြရမည်ဖြစ်သည်။

ရပ်ရွာအုပ်ချုပ်ရေးမှူးဆိုသည်မှာ ပြည်သူလူထုနှင့်အနီးကပ်ဆုံး ထိတွေ့ဆက်ဆံရသော ပုဂ္ဂိုလ်ဖြစ်ပြီး ရပ်အကျိုး၊ ရွာအကျိုးကို စိတ်ကောင်းစေတနာဖြင့် အမှန်တကယ်သယ်ပိုးထမ်းဆောင်နိုင်သူများသာ ဖြစ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် ရပ်ရွာပြည်သူလူထု နေ့စဉ်နှင့်အမျှ ကြုံတွေ့ရသည့် သာရေး၊ နာရေး၊ လူမှုရေးမှအစ အမှုရေးရာအားလုံးတို့ကို ထဲထဲဝင်ဝင် အနီးကပ်ဆောင်ရွက်ပေးရသောကြောင့်ဖြစ်သည်။

အချို့အမှုအခင်းငယ်များတွင် ပြစ်မှုကြီးမမြောက်ပါက ကြီးသောအမှုကိုငယ်အောင် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရသည့် သမာသမတ်ရှိသည့် ခုံသမာဓိတရားသူကြီးများနှင့်လည်း တူပေသည်။ များသောအားဖြင့် အိမ်တွင်းရေးအရှုပ်အရှင်း၊ အမှုအခင်းများကို ဖြေရှင်းပေးရသဖြင့် ရပ်ရွာမှ ယုံကြည်အားကိုးထိုက်သော လူကြီးများဖြစ်သင့်သည်။ မိမိရပ်ရွာများတွင်ဧည့်စာရင်းတိုင်သည်မှအစ ကိစ္စအဝဝတွင် စိတ်ရှည်လက်ရှည် ဆောင်ရွက်ပေးရသောကြောင့် အရေးကြီးသည့်ပုဂ္ဂိုလ်များဖြစ်သည်။

ရပ်ရွာအုပ်ချုပ်ရေးမှူးများကို ဆယ်အိမ်စုကိုယ်စားလှယ်များမှတစ်ဆင့် ပြည်သူများကိုယ်တိုင် သွယ်ဝိုက်မဲပေးခွင့်ရှိသည်။ ရပ်ရွာအုပ်ချုပ်ရေးမှူးများသည် အစိုးရသက်တမ်းအတိုင်းဖြစ်မည်။ ကြိုက်လျှင် ဆက်လက်ရွေးချယ်၊ မကြိုက်လျှင် ကန့်ကွက်ပယ်ချနိုင်သည်။ ယခင်က ရပ်ရွာအကျိုးကို ထိထိရောက်ရောက် မသယ်ပိုးသူများ၊ ကိုယ်ကျိုးရှာသူများ၊ သြဇာအာဏာပြသူများ အချို့အရပ်များတွင်ရှိခဲ့ဖူးရာ ထိုသူများကို ပြန်လည်မတင်မြှောက်မိရန် သတိထားရမည်ဖြစ်သည်။

ရပ်ရွာအုပ်ချုပ်ရေးမှူးများရွေးချယ်ရာတွင် ရပ်ရွာမှကြီးကြပ်ရေးအဖွဲ့ဝင်ငါးဦးကို ဦးစွာရွေးချယ်ဖွဲ့စည်းရသည်။ အဆိုပါငါးဦးသည် ရပ်ကြည်ညို၊ ရွာကြည်ညို လေးစားစံထားရသည့် ဂုဏ်သိက္ခာရှိသူများ ဖြစ်သင့်သည်။ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ဟန်ဆောင်ပန်ဆောင် လုပ်တတ်သူများလည်း မဖြစ်သင့်ချေ။ မိမိအကျိုးထက် အများအကျိုးကို ဦးစားပေးတတ်သော အနစ်နာခံသူများလည်း ဖြစ်သင့်သည်။

အိမ်ထောင်စုဆယ်စုမှ ဆယ်အိမ်စုကိုယ်စားလှယ်ကို ဦးစွာရွေးချယ်ရမည်ဖြစ်သည်။ ယင်း ဆယ်အိမ်စု ကိုယ်စားလှယ်များထဲမှ အထက်ပါအချက်များနှီးပါး ပြည့်စုံသော အုပ်ချုပ်ရေးမှူးနေရာအတွက် သင့်လျော်သူကို ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်ဖြစ်သည်။ ယင်းတင်ပြသူများအနက်မှ တစ်ဦးကို ဆယ်အိမ်စုကိုယ်စားလှယ်များက အုပ်ချုပ်ရေးမှူးအဖြစ် မဲပေးရွေးချယ်ရမည်ဖြစ်သည်။

ဤစနစ်သည် ပြည်သူလူထု၏ဆန္ဒကို သွယ်ဝိုက်သောနည်းဖြင့် ရွေးချယ်တင်မြှောက်ခြင်းဖြစ်၍ အချို့ပြည်သူများက ကြိုက်နှစ်သက်ခြင်းမရှိချေ။ သို့သော်လည်း ဆယ်အိမ်စုမှူးများကို ပြည်သူများမှပင် ရွေးချယ်ထားသည်ဖြစ်၍ ထိုဆယ်အိမ်စုမှူးများသည် ပြည်သူ့ကိုယ်စားလှယ်များပင်ဖြစ်သည်။ ထိုဆယ်အိမ်စုမှူးများအနက် ရပ်အကျိုး၊ ရွာအကျိုးကို အကောင်းဆုံး ဆောင်ရွက်နိုင်သူကို မှန်မှန်ကန်ကန် ရွေးချယ်ပေးဖို့သာ လိုအပ်သည်။

သို့သော် ပြည်သူများမှ တိုက်ရိုက်ရွေးချယ်ရာတွင် မှန်မှန်ကန်ကန် ရွေးချယ်တတ်ပါက အကောင်းဆုံးဖြစ်သည်။

လက်ရှိတွင် အချို့အရပ်များ၌ ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းထားပြီးဖြစ်ပြီး အချို့အရပ်များတွင် အုပ်ချုပ်ရေးမှူးများကို ရွေးချယ်ပြီးပြီဖြစ်သည်။ ရပ်ရွာအုပ်ချုပ်ရေးမှူးများသည် ပြည်သူလူထုနှင့်အနီးကပ်ထိတွေ့ ဆက်ဆံရသော ပုဂ္ဂိုလ်များဖြစ်၍ အခြေခံအကျဆုံးဖြစ်သော အုပ်ချုပ်ရေးအဖွဲ့ဝင်များဖြစ်သလို နိုင်ငံအတွက် အဓိကအားထားရမည့် ကိုယ်စားလှယ်များလည်း ဖြစ်သည်။

သို့ဖြစ်ရာ အခြေခံကောင်းလျှင် အဆောက်အအုံတော့်တင်းခိုင်မာသည် ဆိုသည့်အတိုင်း နိုင်ငံအုပ်ချုပ်ရေး အဆောက်အအုံတော့်တင်းခိုင်မာစေရေးဆောင်ရွက်ရာ၌ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုး အမှန်တကယ် သယ်ပိုးထမ်းဆောင်နိုင်မည့် သန့်ရှင်းသော အခြေခံပုဂ္ဂိုလ်များကို ရွေးချယ်ပေးရန်လိုပေသည်။ ။

# စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ ဇန်နဝါရီ ၁၂ ရက်နှင့် ၁၃ ရက်တို့က စိုက်ပျိုးရေးပညာ တိုးတက်မြင့်မားရေး၊ သီးနှံဖျက်ကြွက်ကာကွယ်ရေး သုတေသနစာတမ်းဖတ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

စာတမ်းဖတ်ပွဲတွင် စာတမ်းရှင်များက စာတမ်းအစောင် ၂၀ ကိုဖတ်ကြားခဲ့ပြီး စပါးရိတ်သိမ်းချိန်ကာလတွင် ကြွက်ကြောင့် ဆုံးရှုံးလေလွင့်မှုခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားခဲ့သည့် သီးနှံကာကွယ်ရေးဌာနခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ ဆရာမဒေါ်ညိုမီထွေးက "စာတမ်းရဲ့ ရည်ရွယ်ချက်က တောင်သူတွေ စိုက်ပျိုးပြီးတော့ ရိတ်သိမ်းပြီးကာလကစပြီး သိုလှောင်တဲ့အချိန်မှာ ကြွက်ကြောင့် ဆုံးရှုံးမှုဘယ်လောက်ရှိနေလဲ။

"ကြွက်ကြောင့် အရေအတွက်ဆုံးရှုံးတဲ့အပြင် အရည်အသွေးတွေမှာဘယ်လိုဆုံးရှုံးနိုင်သလဲ။ ကြွက်ကနေပြီး ရောဂါတွေ ကူးစက်နိုင်တယ်ဆိုတာကို တောင်သူတွေ သတိပြုမိအောင် တောင်သူတွေနဲ့ပူးပေါင်းပြီး တောင်သူတွေရဲ့အိမ်မှာ ဆောင်ရွက်ခဲ့တဲ့ သုတေသနဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်ပြီး စာတမ်းနှင့်ပတ်သက်၍ "ကြွက်ပြဿနာဆိုရင် တောင်သူတွေအကုန်လုံး သတိထားမိတာက သီးနှံစိုက်တဲ့အချိန်မှာ ကြွက်ကြောင့် ပျက်စီးဆုံးရှုံးမှုတွေပဲဖြစ်တယ်။ ဒါနဲ့ပတ်သက်လို့ လက်ရှိစာတမ်းတွေလည်း ရေးနေပါတယ်။

"သီးနှံစိုက်ပျိုးချိန်ကာလ မဟုတ်ဘဲ သီးနှံရိတ်သိမ်းပြီးကာလ၊ သိုလှောင်တဲ့ကာလမှာပါ ကြွက်ကြောင့် လေလွင့်ဆုံးရှုံးမှု ပမာဏတွေဟာ တော်တော်ကိုများနေပါလား။ ဒီလို ပမာဏများတာကို လွယ်လွယ်ကူကူ ရှင်းလင်းလို့ရရဲ့သားနဲ့ ငါတို့ ဘာလို့မလုပ်ရမှာလဲဆိုတဲ့ အသိအမြင်တွေ ရရှိသွားမှာပါ။ ရရှိပါစေလို့လည်း မျှော်လင့်ပါတယ်"ဟု ဆက်လက် ပြောသည်။

အဆိုပါ စာတမ်းကို ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တို့တွင် သုတေသနပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် စာတမ်းဖတ်ပွဲသို့တက်ရောက်သည့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်စိုးစိုးသိန်းက "ဆရာမတို့ တက္ကသိုလ်ကနေ ဘွဲ့ရသွားတဲ့ပညာရှင်တွေမှ မဟုတ်ပါဘူး။ တခြား DOA ဆိုတဲ့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ စိုက်ပျိုးရေးဘွဲ့ရပညာရှင်များ၊ သုတေသနပညာရှင်များက လာရောက်စာတမ်းတွေ ဖတ်ကြတာပါ။

"သူတို့ကနေပြီး သူတို့ရဲ့ တွေ့ရှိချက်တွေထဲက တောင်သူတွေ တကယ်အသုံးကျမယ့် တွေ့ရှိချက်တွေကို ပြောလိုက်မယ်ဆိုရင် ဗဟုသုတရတယ်။ ဒါတွေကို တောင်သူတွေအတွက်ပြန်ဖြန့်နိုင်ပါတယ်။ အတွေ့အကြုံဖလှယ်တဲ့ အကျိုးကျေးဇူးတွေရနိုင်ပါတယ်။ ဆရာမတို့ဆိုရင်လည်း မြေဆီလွှာနဲ့ပတ်သက်တဲ့ ဘာသာရပ်တွေ၊ နောက်တစ်ခါ စိုက်ပျိုးရေးသီးနှံတွေနဲ့ စိုက်ပျိုးရေးဘာသာရပ်၊ အဖျက်ပိုးတွေ၊ ရောဂါတွေ အဲလိုအမျိုးမျိုးရှိနေတာဖြစ်တဲ့အတွက် တစ်ယောက်ရဲ့ ဘာသာရပ်ကို တစ်ယောက်နားလည်ဖို့ဆိုတာ ဒီလိုစာတမ်းဖတ်မှ အားလုံးသိရတာပါ" ဟု ပြောပြသည်။

ယခုကျင်းပသည့် စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရများအသင်း(AUAA) မှ နဝမအကြိမ်မြောက် ကြီးမှူးကျင်းပခြင်းဖြစ်ကာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(စောနိုင်ဝင်း၊ အောင်မိုးကျော်)**




# ဟားခါးမြို့ တန်ပိုးသင့်အိမ်ရာများ၌ ပြောင်းရွှေ့နေထိုင်သူများအား သောက်ရေသန့်ဘူးများ ဖြန့်ဝေ

**ဟားခါး ဇန်နဝါရီ ၁၆**

ဟားခါးမြို့ တန်ဖိုးသင့်အိမ်ရာများ၌ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် စတင်ပြောင်းရွှေ့နေထိုင်ခဲ့ကြသော အိမ်ထောင်စု ၃၃ စုတို့အား ချင်းပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များက ဇန်နဝါရီ ၁၅ ရက်တွင် သောက်ရေသန့်ဘူးများ ဖြန့်ဝေပေးအပ်ခဲ့ကြသည်။

အဆိုပါ သောက်ရေသန့်ဘူးများပေးအပ်ရာ၌ ချင်းပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ ဦးစီးမှူး ဦးဆလိုင်းဆန်ကျုံးနှင့် ဦးစီးမှူး ဒေါ်ခိုင်ခိုင်လှတို့ဦးဆောင်သော အဖွဲ့ဝင်များက သောက်ရေသန့်ဘူးများ ဝေငှပေးအပ်ခြင်း၊ သုံးစွဲနေသည့်ရေစည်၊ ရေပုံးများအတွင်း ပိုးသတ်ဆေးများခတ်ခြင်း **(အပေါ်ပုံ)** မိသားစုဝင်များ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးတို့ကို လိုက်လံကြည့်ရှုအားပေး စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ဟားခါး(ခရိုင်ပြန်/ဆက်)**




# အာဆီယံအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်ပေးအပ်

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ဘွဲ့တံဆိပ်နှင့် အာဆီယံအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တံဆိပ်များပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ရှိ အင်းယားလိတ်ဟိုတယ်၌ကျင်းပရာ အာဆီယံအင်ဂျင်နီယာအသင်းမှပေးအပ်သော ဘွဲ့တံဆိပ်ဖြစ်သည့် ASEAN OUTSTANDING ENGINEERING ACHIEVEMENT AWARD ဘွဲ့တံဆိပ်ရရှိသော မြန်မာနိုင်ငံမှ TOKYO Pipe Myanmar Pipes& Accessories Co,.Ltd မှ ဥက္ကဋ္ဌ ဦးဟိန်းဟန်အား မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်နှင့် ASEAN Federation of Engineering Organization (AFEO) ဥက္ကဋ္ဌ Engr.Federico A Monsada တို့က ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

## ပြည်တွင်းရေးရာ






နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မတ္တရာမြို့နယ် ယက္ကန်းစင်တောင်ဒေသရှိ မေတ္တာနန္ဒ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲ၌ ဆေးရုံမုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဧည့်ပရိသတ်များက အခမ်းအနားသို့ ကြွရောက်တော်မူကြသည့် ဆရာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မေတ္တာနန္ဒဆေးရုံနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်ထံ ဒယာနန္ဒဖောင်ဒေးရှင်းကိုယ်စား ဦးအုန်းကျော်က လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားမှူးက ပါဝင်လှူဒါန်းကြသည့် အလှူရှင်များစာရင်းကို ဖတ်ကြားကြေညာသည်။

ထို့နောက် ဒယာနန္ဒဖောင်ဒေးရှင်းနာယက ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသက နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်သည်။

ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသထံမှ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များက အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မေတ္တာနန္ဒ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဖွင့်ပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဆေးရုံမုခ်ဦးကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းရှိ အမျိုးသား အမျိုးသမီး လူနာဆောင်၊ ခွဲစိတ်ခန်းမနှင့် ဆေးဝါးသိုလှောင်ခန်းများကို လှည့်လည်ကြည့်ရှုသည်။

မေတ္တာနန္ဒဆေးရုံကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ ဦးဆောင်မှုဖြင့် ဒယာနန္ဒဖောင်ဒေးရှင်းနှင့် စေတနာရှင်များ၏ လှူဒါန်းငွေများဖြင့် တည်ဆောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ယက္ကန်းစင်တောင်ဒေသတစ်ဝိုက်ရှိ ဆရာတော် သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည် ဖြစ်သည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် တပ်မတော် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

---

❖ ကျောဖုံးမှ

စာပေများကိုရောင်းချသည့် အစီအစဉ်များပါဝင်သည်။

နိုဘယ်-မြန်မာစာပေပွဲတော်ကို ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဖေမြင့်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးနှင့်တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် နိုဘယ်-မြန်မာစာပေပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဖေမြင့်က နိုဘယ်-မြန်မာစာပေပွဲတော်ကျင်းပရခြင်းနှင့် အမည်နာမရွေးချယ်ပုံနှင့်ပတ်သက်၍ တင်ပြရာတွင် ၂၀၁၄ ခုနှစ်အတွင်း နော်ဝေနိုင်ငံမှရောက်ရှိလာသည့် စာပေနှင့် လူမှုရေးဆိုင်ရာကိစ္စများတွင် စိတ်ဝင်စားသည့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မြန်မာစာပေသမားအချို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် နိုင်ငံတကာ ပူးပေါင်းစီစဉ်သည့် စာပေပွဲတော်တစ်ရပ်ကျင်းပရန် စိတ်ကူးရခဲ့ပါကြောင်း၊ ထိုအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် အဓိကပါဝင်ဆောင်ရွက်သည့် နိုင်ငံတကာ အဖွဲ့အစည်းများမှာ နော်ဝေနိုင်ငံနှင့် ဆွီဒင်နိုင်ငံမှ ဖြစ်ပါကြောင်း၊ ဆွီဒင်နိုင်ငံသည် မိမိတို့မြန်မာစာပေသမားများနှင့် တစ်ကမ္ဘာလုံးရှိ စာပေသမားများ စိတ်ဝင်စားသည့်စာပေဆိုင်ရာ နိုဘယ်ဆု ချီးမြှင့်သည့်နိုင်ငံဖြစ်ပါကြောင်း၊ နော်ဝေနိုင်ငံသည် ငြိမ်းချမ်းရေးဆိုင်ရာ နိုဘယ်ဆုချီးမြှင့်သည့် နိုင်ငံဖြစ်သည်ကို အားလုံးသိပါကြောင်း။

ထို့ကြောင့် မိမိတို့နှင့်ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံတကာမိတ်ဆွေများနှင့် မိမိတို့နှစ်သက်တန်ဖိုးထားသည့် နိုဘယ်ဆုကိုအကြောင်းပြုပြီး မိမိတို့ကျင်းပမည့် စာပေပွဲတော်ကို နိုဘယ်-မြန်မာ စာပေပွဲတော်ဟု အမည်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည့် ပထမအကြိမ် နိုဘယ်-မြန်မာစာပေပွဲတော်တွင် စာပေနှင့် ငြိမ်းချမ်းရေးကိုဆက်စပ်ပြီး စာပေသည် ငြိမ်းချမ်းရေး



နိုဘယ်-မြန်မာ စာပေပွဲတော် (၂၀၁၆) ဖွင့်ပွဲတွင် နိုဘယ်-မြန်မာ စာပေပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဖေမြင့် အမှာစကားပြောကြားစဉ်။ (ဓာတ်ပုံ-လှမိုး)

အတွက်ဆိုသည့် ခေါင်းစဉ်တပ်ခဲ့ပါကြောင်း၊ ရည်ရွယ်ချက်မှာ စာဖတ်ခြင်းသည် အတွေးအမြင် ဗဟုသုတကြွယ်ဝစေကြောင်း၊ အဆိုပါကြွယ်ဝမှုကြောင့် အမြင်ကျယ်ခြင်း၊ သဘောထားကြီးခြင်း၊ မိမိနှင့်မတူကွဲပြားသည့် အယူအဆများကို သည်းခံနိုင်ခြင်းတို့ဖြစ်စေပါကြောင်း၊ ထို့ကြောင့် လူ့အဖွဲ့အစည်းတွင် ပဋိပက္ခများ လျော့ပါးပြီး ငြိမ်းချမ်းမှုဖြစ်ပေါ်စေနိုင်သည်ဆိုသည့်အချက်ကို အများပြည်သူ တိုးတက်သိမြင်လာအောင် ဖြန့်ချိလိုသည့်သဘောဖြစ်ပါကြောင်း။

ယခု ၂၀၁၆ ဒုတိယအကြိမ် ကျင်းပသည့်အခါမှာ ပထမနှစ်က မိမိတို့ပြောဆိုခဲ့ကြသည့် ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ယခုနှစ်၏ခေါင်းစဉ်ဖြစ်ပါကြောင်း၊ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံ၌ ကလေးသူငယ်များအတွက် စာအုပ်စာပေကောင်းများ ပိုမိုကြွယ်ဝပြည့်စုံလာစေရေး၊ မြန်မာလူငယ်များအား ကလေးဘဝမှစတင်၍ စာဖတ်ဝါသနာ ပြုစုပျိုးထောင်ပေးနိုင်ရေး၊ စာဖတ်ခြင်းဖြင့် လောကအကြောင်း၊ လူ့အကြောင်းကိုလည်းကောင်း၊ ကလေးစာပေကို အဓိကထားဆောင်ရွက်ခြင်းအကြောင်းရင်းတစ်ခုမှာ ကလေးများကို ငယ်စဉ်ကစပြီး စာဖတ်ဝါသနာပြုစု ပျိုးထောင်ပေးနိုင်ရန်အတွက် ဖြစ်ပါကြောင်း၊ ငယ်ရွယ်စဉ်မှာ စာဖတ်ဝါသနာကိန်းအောင်းသွားသူတစ်ယောက်သည် စာပေအား ပုံနှိပ်စာရွက်များမှ ဖြစ်စေ၊ အီလက်ထရွန်နစ်ပစ္စည်းများ၏ မျက်နှာပြင်များပေါ်မှဖြစ်စေ ဖတ်ရှုရန် ဝန်မလေးသည့် ရာသက်ပန်စာဖတ်သူများဖြစ်သွားမည် ဖြစ်ပါကြောင်း၊ ထို့ပြင် စာအုပ်များမှရရှိသည့် ဗဟုသုတ ဉာဏ်အမြော်အမြင်များနှင့်အတူ စိတ်ဓာတ်ကောင်း၊ အမူအကျင့်ကောင်းများပါ ပွားများရရှိပြီး မိမိကိုယ်တိုင်အတွက်သာမက ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းနှင့် တိုင်းပြည်အတွက်ပါ အကျိုးပြုမည့် လူတော်လူကောင်းများ ဖြစ်လာကြလိမ့်မည်ဟု ယုံကြည်မိသောကြောင့် ကလေးစာပေကို အလေးအနက်ထားဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတကာစာပေပညာရှင်များကိုယ်စား မစ္စတာအော်ဒွန်အားဂရီ (Audun Aagre) က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် နိုဘယ်-မြန်မာစာပေပွဲတော်(၂၀၁၆) အတွက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းထံမှပေးပို့လာသည့် သဝဏ်လွှာကို အမျိုးသမီးစာရေးဆရာ တင်သန္တာကလည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံမှပေးပို့လာသည့် သဝဏ်လွှာကို ကဗျာဆရာ မုံရွာအောင်ရှင်ကလည်းကောင်း အသီးသီး ဖတ်ကြားကြသည်။

နိုဘယ်-မြန်မာ စာပေပွဲတော်ကို ၂၀၁၅ ခုနှစ်မှ စတင်ကျင်းပခဲ့ရာ ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ထူးခြားချက်မှာ ကလေးများအကြိုက် ကာတွန်းဇာတ်ကောင်များ၊ စာပေပွဲတော်လာ ကလေးများ ကိုယ်တိုင်ပါဝင်ဆင်နွှဲနိုင်သည့် ပုံပြောစွမ်းရည်၊ ကဗျာရွတ်စွမ်းရည်၊ စာဖတ်စွမ်းရည်၊ ပန်းချီပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပွဲတော်ကို သုံးရက်ကြာကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို ဝင်ကြေးအခမဲ့ဖြင့် လာရောက်ဆင်နွှဲနိုင်ကြောင်း သိရသည်။

သတင်း - ဝင်းဝင်းမော်၊ ဇော်ကြီး(ပဏ္ဍိတ)

---

# မလေးရှားနိုင်ငံအခြေစိုက် တာဝါတိုင်လုပ်ငန်းကုမ္ပဏီ တာဝါတိုင်ပေါင်း ၅၀၀၀ ကျော် တည်ဆောက်ရန် ရင်းနှီးမြှုပ်နှံမည်

**ရန်ကုန် ဇန်နဝါရီ ၁၆**

အာရှဒေသတွင်း တာဝါတိုင်လုပ်ငန်းကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး မလေးရှားနိုင်ငံအခြေစိုက် တာဝါတိုင်လုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သော Edotco Group SdnBhd မှ ပြည်တွင်းရှိ Yoma Strategic Holdings Ltd. နှင့် ပူးပေါင်းကာ သုံးနှစ်အတွင်း တာဝါတိုင်ပေါင်း ၅၀၀၀ ကျော် တည်ဆောက်နိုင်ရန် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

Edotco Group အနေဖြင့် မြန်မာနိုင်ငံအတွင်း လုပ်ငန်းများ စတင်ဆောင်ရွက်သည့် မိတ်ဆက်ခြင်းအခမ်းအနားတွင် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအပေါ် ရှင်းလင်းပြောကြားခဲ့သည်။ Edotco Group အနေဖြင့် မြန်မာပြည်တွင်း လက်တွဲဖော်ကုမ္ပဏီဖြစ်သည့် Yoma Strategic Holdings Ltd. နှင့်ပူးပေါင်းကာ စီးပွားရေးလုပ်ငန်းများအောင်မြင်စေရန်နှင့် ပြည်တွင်းကုမ္ပဏီ၏ ဈေးကွက်တွင်ရရှိထားသော အတွေ့အကြုံ၊ Edotco ၏ မိုဘိုင်းတာဝါတည်ဆောက်ခြင်းနှင့် အခြေခံအဆောက်အအုံ မျှဝေသုံးစွဲခြင်းဆိုင်ရာ ကျွမ်းကျင်နည်းပညာများကို ပေါင်းစပ်ကာ လုပ်ဆောင်သွားမည်ဟု ထုတ်ပြန်ခဲ့သည်။

ယင်းကြောင့် အဆိုပါကုမ္ပဏီအနေဖြင့် လာမည့်ငါးနှစ်အတွင်း မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာ သန်းပေါင်း ၂၀၀ ရင်းနှီးမြှုပ်နှံသွားရန် ရည်ရွယ်ထားပြီး လာမည့်သုံးနှစ်တာကာလအတွင်း ကိုယ်ပိုင်တာဝါတိုင်ပေါင်း ၅၀၀၀ ကျော်အထိ တည်ဆောက်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

Edotco ၏ အမှုဆောင်အရာရှိချုပ် Suresh Sidhu က "ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အရည်အသွေးမြင့် ဆက်သွယ်ရေးကွန်ရက်တစ်ခုတည်ဆောက်သွားမှာပါ။ Edotco အနေနဲ့ မြန်မာနိုင်ငံမှာ ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံတွေကို ထိထိရောက်ရောက် တပ်ဆင်ဆောက်လုပ်၊ စီမံခန့်ခွဲပြီး ယုံကြည်စိတ်ချရတဲ့၊ အရည်အသွေးကောင်းမွန်တဲ့ ကွန်ရက်တစ်ခုကို သုံးစွဲသူတွေဆီအရောက် ယူဆောင်လာပေးမှာပါ။ အဲဒီကနေတစ်ဆင့် တစ်နိုင်ငံလုံးက သုံးစွဲသူတွေအချင်းချင်း အဆင်ပြေပြေ လွယ်လွယ်ကူကူ ဆက်သွယ်နိုင်အောင် ကူညီပေးသွားမှာပါ"ဟု မြန်မာနိုင်ငံတွင် လုပ်ငန်းများစတင်ဆောင်ရွက်သည့် မိတ်ဆက်ခြင်းအခမ်းအနားတွင် ထည့်သွင်းပြောကြားသွားသည်။

လက်ရှိ မြန်မာနိုင်ငံတွင် တာဝါတိုင်ပေါင်း ၇၉၀၀ ကျော်ရှိပြီး လာမည့် ၂၀၂၄ နှစ်ကုန်တွင် တာဝါတိုင်ပေါင်း ၂၉၀၀၀ ကျော်အထိရှိလာမည့် ပြည်တွင်း တာဝါတိုင်ဈေးကွက်၏ ကြီးမားသော ဖွံ့ဖြိုးတိုးတက်မှုအလားအလာအပေါ် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်သွားမည်ဟု Edotco က သတင်းထုတ်ပြန်ခဲ့သည်။

**(ဆုနှင်းလဲ့)**

# ဘူကီနာဖာဆိုနိုင်ငံရှိ ဟိုတယ်တစ်လုံးကို အယ်ခိုင်ဒါစစ်သွေးကြွတို့လက်မှ လုံခြုံရေးတပ်ဖွဲ့ ပြန်လည်သိမ်းယူ

**အူဒါဒူဂူ ဇန်နဝါရီ ၁၆**

အယ်ခိုင်ဒါစစ်သွေးကြွများ ဝင်ရောက်စီးနင်းထားသော ဘူကီနာဖာဆိုနိုင်ငံမြို့တော် အူဒါဒူဂူရှိ ခမ်းနားကြီးကျယ်သော ဟိုတယ်တစ်လုံးကို အူဒါဒူဂူ လုံခြုံရေးတပ်ဖွဲ့က ပြန်လည်သိမ်းပိုက်ခဲ့ရာ အကြမ်းဖက်သမား သုံးဦးသေဆုံးပြီး ဓားစာခံ ၁၂၆ ဦး ပြန်လည်လွတ်မြောက်ခဲ့ကြောင်း ဘူကီနာဖာဆိုပြည်ထဲရေးဝန်ကြီးကဆိုသည်။

ဟိုတယ်အတွင်း အပြန်အလှန်ပစ်ခတ်မှုများကြောင့် စစ်သွေးကြွသုံးဦးအပါအဝင် အနည်းဆုံး လူ ၂၀ သေဆုံးခဲ့ပြီး အများအပြားထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။


ယင်းပစ်ခတ်မှုများသည် ဇန်နဝါရီ ၁၅ ရက်ညပိုင်းအချိန်တွင် စတင်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့သည် ယင်းဟိုတယ်တွင် စစ်သွေးကြွများအား တိုက်ခိုက်ရေးဆင်နွှဲပြီးနောက် အနီးဝန်းကျင်ရှိ ဟိုတယ်ရီဘီတွင် စစ်သွေးကြွများရှိမရှိကိုမူ ထပ်မံစစ်ဆေးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက ဆက်လက်ပြောသည်။

'ကက်ပ်ချီနိုစားသောက်ဆိုင်အပြင်ဘက်နဲ့ ဟိုတယ်အတွင်းမှာ စစ်သွေးကြွတွေနဲ့ အပြန်အလှန်ပစ်ခတ်ခဲ့ပါတယ်။ ဓားစာခံ ၁၂၆ ဦး ပြန်လည်လွတ်မြောက်ခဲ့ပေမယ့် ၃၃ ဦး ဒဏ်ရာရရှိခဲ့ပါတယ်'ဟု ဝန်ကြီးက ရိုက်တာသတင်းဌာနသို့ပြောကြားခဲ့သည်။ 'အကြမ်းဖက်သမားသုံးဦး သေဆုံးခဲ့ပါတယ်။ တစ်ယောက်က အာရပ်လူမျိုးဖြစ်ပြီး ကျန်နှစ်ယောက်က အမေရိကန် လူမည်းမျိုးနွယ်တွေဖြစ်ကြပါတယ်' ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဟိုတယ်အတွင်း အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားပြီးနောက် အနီးဝန်းကျင်ရှိ ကက်ပ်ချီနိုစားသောက်ဆိုင်အပြင်ဘက်တွင် ဗုံးပေါက်ကွဲမှုများနှင့် သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့က စစ်ဆင်ရေးအဆုံးသတ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနမှ မျက်မြင်သက်သေတစ်ဦးက ဆိုသည်။

ယင်းစစ်ဆင်ရေးဖြစ်ပွားခဲ့ပြီးနောက် နိုဝင်ဘာလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် သမ္မတ ရော့မာ့စ်ကာဘိုရီ ဦးဆောင်သည့် အစိုးရအဖွဲ့သည် အရေးပေါ်အစည်းအဝေးတစ်ရပ်ကို ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါ ဟိုတယ်သည် အနောက်တိုင်းသားများအပါအဝင် ဘူကီနာဖာဆိုနိုင်ငံတွင် အခြေစိုက်သော ပြင်သစ်စစ်သားအများဆုံး တည်းခိုသည့် ဟိုတယ်တစ်လုံးဖြစ်ကြောင်း သိရသည်။

**ရိုက်တာ။**



# ၂၀၁၆ ခုနှစ်တွင် နိုင်ငံခြားခရီးသွားဧည့်သည် ၈ ဒသမ ၅ သန်းခန့်ရှိမည်ဟု ဗီယက်နမ်မျှော်လင့်

**ဟန္နိုင်း ဇန်နဝါရီ ၁၆**

ဗီယက်နမ်နိုင်ငံအတွင်းသို့ ၂၀၁၆ ခုနှစ်အတွင်း လာရောက်လည်ပတ်မည့် နိုင်ငံခြားခရီးသွားဧည့်သည်ဦးရေ ၈ ဒသမ ၅ သန်းနှင့် ပြည်တွင်းခရီးသွားဦးရေ သန်း ၆၀ ခန့်ရှိမည်ဟုမျှော်လင့်ကြောင်း ဗီယက်နမ်အစိုးရတရားဝင်သတင်းရင်းမြစ်များက ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍမှ ဝင်ငွေ ဗီယက်နမ် ဒေါင်ငွေ ၃၇၀ ထရီလီယံ(အမေရိကန် ဒေါ်လာ ၁၆ ဒသမ ၈ ဘီလီယံ)အထိ ရှာဖွေပေးနိုင်မည်ဖြစ်ကြောင်း ဗီယက်နမ်အမျိုးသားခရီးသွားလုပ်ငန်းအုပ်ချုပ်ရေးအဖွဲ့က ၎င်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ယင်းလုပ်ငန်းဌာနသည် ဇန်နဝါရီ ၁၅ ရက်တွင် ၂၀၁၅ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများအား ပြန်လည်သုံးသပ်ခြင်းနှင့် ၂၀၁၆ ခုနှစ်အတွက် ဦးတည်ချက်သစ်များချမှတ်ခြင်းဆိုင်ရာ အစည်းအဝေးကို ကျင်းပခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ခရီးသွားလုပ်ငန်းတွင် ၂၀၁၅ ခုနှစ်အတွင်း ပြည်ပခရီးသွားဧည့်သည် ၇ ဒသမ ၉ သန်းနှင့် ပြည်တွင်းခရီးသွားဦးရေ ၅၇ သန်းရှိခဲ့ပြီး ဝင်ငွေဗီယက်နမ်ဒေါင်ငွေ ၃၃၇ ဒသမ ၈ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၄ ဘီလီယံ) ရရှိထားသည်။

**ဆင်ဟွာ။**

# ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယား အဆင့်မြင့်အရာရှိများ မြောက်ကိုရီးယားအရေး ဆွေးနွေး

**တိုကျို ဇန်နဝါရီ ၁၆**

ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားအဆင့်မြင့်အရာရှိများက မကြာသေးမီက မြောက်ကိုရီးယား၏ ဟိုက်ဒရိုဂျင်ဗုံးစမ်းသပ်မှုနှင့် ပတ်သက်ပြီး မြောက်ကိုရီးယားနိုင်ငံကို စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခြင်းဆိုင်ရာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြေညာချက်ချမှတ်နိုင်ရေးအတွက် တရုတ်နိုင်ငံအား သဘောတူညီမှုရှိစေရန် တောင်းဆိုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျပန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး အာခီတာကာဆိုင်ကီ၊ အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် တောင်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး လင်မ်ဆန်နမ်တို့သည် ဇန်နဝါရီ ၁၆ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့တွင် သုံးနာရီကြာ တွေ့ဆုံဆွေးနွေးစဉ် အထက်ပါကိစ္စနှင့် ပတ်သက်ပြီး ပြောကြားခဲ့ခြင်းဖြစ်သည်။

သုံးနိုင်ငံအနေဖြင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ယခင်ထက်ပိုမိုပူးပေါင်းဆောင်ရွက်မှု များ လုပ်ဆောင်ရန်လိုအပ်ကြောင်း သုံးနိုင်ငံနိုင်ငံခြားရေး ဒုတိယဝန်ကြီးများက သဘောတူညီခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်စစ်သားများ၏ အဓမ္မစေခိုင်းခဲ့သော တောင်ကိုရီးယား လိင်ကျေးကျွန်များအရေးသည် ယခုအချိန်တွင် နှစ်နိုင်ငံသဘောတူညီမှုရရှိခဲ့ပြီးဖြစ်သည်။


မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားစမ်းသပ်မှုသည် မည်သို့မျှလက်မခံနိုင်သည့် ကိစ္စရပ်တစ်ခုဖြစ်ပြီး နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြောက်ကိုရီးယားနိုင်ငံကို စီးပွားရေးပိတ်ဆို့သည့် မက်ဆေ့များပေးပို့ပြီး ပြန်လည်ဒဏ်ခတ်သင့်ကြောင်း ဂျပန်ဒုတိယ နိုင်ငံခြားရေးဝန်ကြီးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ဂျပန်၊ အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့အနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ အနှောင့်အယှက်ပေးမှုများကို ကာကွယ်ရန် ယခင်ကထက်ပိုမို ရင်းရင်းနှီးနှီးရှိနေရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ဘယ်လာရုစ်နိုင်ငံမှ ဆက်သွယ်ရေးဂြိုဟ်တုအား တရုတ်ဒုံးယာဉ်ဖြင့် အာကာသတွင်းသို့လွှတ်တင်

**စီချန် ဇန်နဝါရီ ၁၆**

ဘယ်လာရုစ်နိုင်ငံမှ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးအား တရုတ်နိုင်ငံအနောက်တောင်ပိုင်းရှိ ရှီချမ်းအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ ဇန်နဝါရီ ၁၆ ရက် ပေကျင်းစံတော်ချိန် နံနက် ၁၂ နာရီ ၅၇ မိနစ်တွင် လွှတ်တင်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်း၌ ဖော်ပြသည်။



ယင်းမှာ ဥရောပတိုက်အတွင်းရှိ နိုင်ငံတစ်နိုင်ငံမှ ဆက်သွယ်ရေးဂြိုဟ်တုအား တရုတ်နိုင်ငံက အာကာသအတွင်းသို့ လွှတ်တင်ပေးသော ခရီးစဉ်လည်းဖြစ်ပြီး ဘယ်လာရုစ်နိုင်ငံမှ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးအား တရုတ်နိုင်ငံမှ လောင်းမတ်ချ် ၃ ဘီ အမျိုးအစားဒုံးယာဉ်ဖြင့် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ပထမဆုံးပို့လွှတ်သော ခရီးလည်း ဖြစ်သည်။

ယခုလွှတ်တင်ခဲ့သော ဘယ်လာရုစ်နိုင်ငံပိုင် ဆက်သွယ်ရေးဂြိုဟ်တု ဘယ်လင်တာဆက်-၁ အား တရုတ်လေကြောင်း သိပ္ပံနှင့်နည်းပညာကုမ္ပဏီက ပုံစံထုတ်ကာ ၁၅ နှစ်ကြာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဆက်သွယ်ရေးဂြိုဟ်တုသည် အရှေ့လောင်ဂျီတွဒ် ၅၁ ဒသမ ၅ ဒီဂရီရှိ မြေကမ္ဘာတည်ငြိမ်မှတ်၌ တည်ရှိကာ ကျယ်ပြန့်သော ဆက်သွယ်ရေး ဝန်ဆောင်မှုများ ပေးစွမ်းနိုင်မည် ဖြစ်သည်။ ဂြိုဟ်တုရုပ်မြင်သံကြား ထုတ်လွှင့်မှုများ၊ အင်တာနက်ဆက်ကြောင်း လုပ်ငန်းများနှင့် ရေဒီယိုအသံလွှင့်လုပ်ငန်း ဝန်ဆောင်မှုများပြုလုပ်နိုင်မည် ဖြစ်သည်။

ဘယ်လာရုစ်နိုင်ငံမှ ဆက်သွယ်ရေးဂြိုဟ်တုအား ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွှတ်တင်ခဲ့မှုသည် တရုတ်နိုင်ငံအတွက် ၂၀၁၆ ခုနှစ်အတွင်း ပထမဆုံးသော ဂြိုဟ်တုလွှတ်တင်မှုဖြစ်ပြီး လောင်းမတ်ချ်အမျိုးအစားဝင် ဒုံးယာဉ်များ၏ ၂၂၃ ကြိမ်မြောက် အာကာသခရီးစဉ်လည်း ဖြစ်သည်။

**ဆင်ဟွာ။**

## ပြည်တွင်းရေးရာ

❂ ရှေ့ဖုံးမှ

**ဒေါက်တာနန္ဒမာလာဘိဝံသ**

ဒီဒေသက သွားရေးလာရေးအင်မတန်ခက်တယ်။ မန္တလေးမြို့နဲ့ ၃၆ မိုင်လောက်ဝေးတယ်ဆိုပေမယ့် ရေတစ်တန်၊ ကုန်းတစ်တန်သွားလာရတယ်။ ဒါကြောင့် အရေးပေါ်ကိစ္စတွေမှာဆိုရင် ဆေးရုံဆေးခန်းမီအောင်ရောက်ဖို့ မလွယ်ဘူး။ ဒါကြောင့် ဒီနေရာမှာ အရေးပေါ်ကိစ္စတွေအတွက် ဆေးရုံတစ်ခု ရှိမယ်ဆိုရင် ကျန်းမာရေးအတွက် အများကြီးအထောက်အကူဖြစ်နိုင်တဲ့ နေရာလို့ရည်ရွယ်ပြီး မေတ္တာနန္ဒဆေးရုံကိုတည်ဆောက်တာပါ။ ဖွံ့ဖြိုးတိုးတက်မှုဆိုတာ တစ်ခုတည်းနဲ့ ရပ်တည်လို့မရပါဘူး။ ဒါကြောင့်မို့ ကျန်းမာရေးအတွက် မေတ္တာနန္ဒဆေးရုံကို တည်ဆောက်ပေးပြီး လူတွေရဲ့ အကျင့်စာရိတ္တနဲ့ ကိုယ်ကျင့်တရားကောင်းမွန်လာအောင် သစ္စာနန္ဒဓမ္မစင်တာကိုလည်း တည်ဆောက်ပြီး ဘက်စုံတိုးတက်အောင် ရည်မှန်းပြီး ဆေးရုံနဲ့ ဓမ္မစင်တာတွဲဖက်ထားပေးတာဖြစ်ပါတယ်။ ဒေသက ကိုယ့်ရဲ့ဆွေမျိုးသားချင်းတွေကို မိမိနဲ့အတူတကွတွဲခေါ်ပြီး သာတူညီမျှနေနိုင်အောင် ဆောင်ရွက်နိုင်တဲ့လုပ်ငန်းဖြစ်လို့ အားလုံးသောပုဂ္ဂိုလ်တွေဟာ ဝမ်းသာပီတိဖြစ်ကြရတယ်။ တစ်ဦးတစ်ယောက်ကောင်းစားရေး မဟုတ်ဘဲ ဒီဒေသမှာရှိတဲ့ ရဟန်းရှင်လူမည်သူမဆို ကျန်းမာပျော်ရွှင်စွာနဲ့ အသိပညာ၊ အတတ်ပညာတွေ ဖွံ့ဖြိုးလာမယ်ဆိုရင် နိုင်ငံပါဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒေသတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာလည်း နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုမှာ အင်မတန်မှအရေးပါတာမို့ အလွန်ကြီးမားတဲ့ ကုသိုလ်ကောင်းမှုတစ်ခုကို ဆရာတော်နဲ့အတူ အလှူရှင်တွေလက်တွဲပြီး ဆောင်ရွက်ရတယ်လို့ ဝမ်းသာကြည်နူးဖြစ်ကြမှာပါ။ အားလုံးတိုင်းပြည်အတွက် မိမိတို့ရဲ့ နီးစပ်ရာ၊ ကိုယ်လုပ်နိုင်ရာ၊ ကိုယ်ကျရာတာဝန်ကို ဝိုင်းဝန်းဆောင်ရွက်ခြင်းဟာ အလွန်မွန်မြတ်တဲ့ကုသိုလ်တရားဖြစ်တာကြောင့် တိုင်းသူ ပြည်သားအားလုံးဟာလည်း ဘယ်သူဘယ်ဝါလို့ ငြင်းဆိုတွက်ကတ်ပြီး မနေကြဘဲနဲ့ တစ်ညီတစ်ညာတည်း ကိုယ်လုပ်နိုင်တဲ့အလုပ်ကို ဝိုင်းဝန်းလုပ်ကိုင်ဆောင်ရွက်ကြရင်း အများကောင်းဖို့ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ဒေါက်တာသက်မင်းအောင်(တာဝန်ခံဆရာဝန်)**

ဒီဆေးရုံကြီးဟာ လေးဧကကျယ်ဝန်းတဲ့မြေပေါ်မှာ ပေ ၄၀၀ ပတ်လည် ဆောက်လုပ်ထားတဲ့(၁၆)ခုတင်ဆံ့ ဆေးရုံဖြစ်ပါတယ်။ ဒီဆေးရုံမှာတာဝန်ခံဆရာဝန်တစ်ဦး၊ လက်ထောက်ဆရာဝန် တစ်ဦး စုစုပေါင်းဝန်ထမ်းအင်အား ၁၂ ဦးနဲ့ ဧရာဝတီမြစ်ကမ်းဘေးက ကျေးရွာပေါင်း ၂၇ ရွာမှာရှိတဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးနိုင်ဖို့ ဆရာတော်ကြီးရဲ့ ဒယာနန္ဒဖောင်ဒေးရှင်းက ကူညီလှူဒါန်းပေးပြီး ကျန်းမာရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ဒီဆေးရုံဟာ ၂၀၁၄ ခုနှစ်မှာ စတင်ဆောက်လုပ်ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှာပြီးစီးခဲ့တယ်။ ဒီဆေးရုံမှာ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်း၊ ခွဲစိတ်ခန်း၊ သားဖွားခန်းတွေနဲ့ မြွေဆိပ်ဖြေဆေး၊ ခွေးရူးပြန်ကာကွယ်ဆေးတွေလည်း ထားရှိပါတယ်။ အရေးပေါ် လူနာတွေအတွက်လည်း အရေးပေါ်အထူးကြပ်မတ်ခန်းထားရှိပြီး နောက်ဆုံးပေါ်ပစ္စည်းတွေကို အဆင်သင့်ဖြည့်ဆည်းထားတဲ့အပြင် ဒီဆေးရုံရဲ့ ကုသမှုအင်အားမမီတဲ့ လူနာတွေအတွက်လည်း အရေးပေါ်ကားတစ်စီး စီစဉ်ထားပါတယ်။ ဒီဖောင်ဒေးရှင်းကနေ အကုန်အကျခံပြီး ရွာသူရွာသားတွေ အားကိုးရမယ့် ဒီဆေးရုံကြီးကိုဝန်ထမ်းတွေ၊ ဆေးနဲ့ဆေးရုံသုံး ပစ္စည်းတွေကို အပြည့်အစုံထောက်ပံ့လှူဒါန်းထားတဲ့အတွက် ဆရာတော်ကြီးကို တာဝန်ခံဆရာဝန်တစ်ဦးအနေနဲ့ အားလုံးကိုယ်စား အထူးပင်ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

**ဒေါ်ညိုစိန်(ယက္ကန်းစင်တောင်ခြေရွာ)**

ဒီနေရာမှာဒီလိုဆေးရုံကြီးကို လာရောက်ဖွင့်လှစ်ပေးတဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်ကြည်နူးမိပါတယ်။ ဆရာတော်ကြီးကိုလည်း အထူးပင်ကျေးဇူးတင်ပါတယ်။ ယခင်က ဒီဒေသဟာ သဘာဝတောတောင်ကြီးတွေဖြစ်နေတော့ နေထိုင်မကောင်းလို့ ဆေးရုံကိုသွားဖို့ သွားရေးလာရေးအခက်အခဲရှိပြီး ဆေးရုံကို သွားဖို့လှည်းနဲ့တစ်မျိုး၊ လှေနဲ့တစ်ဖုံသွားရပေမယ့် ဆေးရုံကိုမရောက်ဘဲ အသက်ဆုံးရှုံးသွားရတာတွေ အများကြီးဖြစ်ခဲ့ပါတယ်။ အခုတော့ သွားလာရေး လွယ်ကူသွားတဲ့အပြင် ကျန်းမာရေးအတွက်လည်း စိတ်ချသွားရတဲ့အတွက် ကျွန်မတို့ဒေသက နောင်လာမယ့် အသီးအပွင့်လေးတွေအတွက် ဒုက္ခရောက်စရာအကြောင်းမရှိတော့ပါဘူး။ ဒါကြောင့် တွေးမိတိုင်းဆရာတော်ကြီးကို ကျေးဇူးတင်စိတ်နဲ့ ကြည်နူးဝမ်းသာဖြစ်မိပါတယ်။



ဒေါက်တာသက်မင်းအောင် (တာဝန်ခံဆရာဝန်)။



ဒေါ်ညိုစိန် (ယက္ကန်းစင်တောင်ခြေရွာ)။

**ဦးစန်းအောင်(မတ္တရာမြို့နယ်)**

ဆရာတော်ကြီးရဲ့လောကကောင်းကျိုး၊ အများကောင်းကျိုးအတွက် ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ ကဏ္ဍတစ်ခုအနေနဲ့ ကုသိုလ်ပါဝင်ခွင့်ရတဲ့အတွက် အင်မတန်ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုဒီဒေသမှာ ဆရာတော်ကြီး လုပ်ဆောင်မှုတွေက ကျန်းမာရေးအတွက်သာမက ဒီဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာအောင် စိုက်ပျိုးရေးကဏ္ဍမှာပါ အော်ဂဲနစ်နည်းပညာနဲ့ သီးနှံတွေကို စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အထိ ရည်မှန်းထားတယ်လို့ သိရပါတယ်။ ဒီအလှူမှာ ကျွန်တော်တို့က ဆရာတော်ကြီးရဲ့ ချီးမြှင့်မှုကြောင့် သံဃာအပါး ၁၀၀၀ ကို အရုဏ်ဆွမ်းဆက်ကပ်ခြင်းနဲ့ လူတွေကို စတုဒိသာကျွေးမွေးခြင်း ကုသိုလ်ကို လှူဒါန်းခွင့်ရတာပါ။ ဒီနေရာမှာ ဆေးရုံတွေဆောက်ပြီး လမ်းတွေလည်း ကောင်းမွန်လာတယ်ဆိုတာ အရင်က အိပ်မက်တောင် မမက်နိုင်တဲ့ကိစ္စတွေပါ။ အခုတော့ ဆရာတော်ကြီးရဲ့ကျေးဇူးကြောင့် အိပ်မက်မဟုတ်ဘဲ တကယ်ခံစားခွင့်ရကြတော့မှာပါ။ ဒါကြောင့် ဒီနယ်သားတစ်ယောက်အနေနဲ့ ဆရာတော်ကြီးရဲ့ ကျေးဇူးတရားတွေကိုတွေးမိပြီး ကြည်နူးမိပါတယ်။



ဒေါက်တာနန္ဒမာလာဘိဝံသ။



ဦးပဥ္စင်းဦးဩဘာသ။

**ဦးပဥ္စင်းဦးဩဘာသ(ဇောတိကာရုံကျောင်း၊ ရွှေလှေရွာ၊ စဥ့်ကူးမြို့နယ်)**

ဒီဒေသလေးက ဆရာတော်ကြီးနဲ့ ဦးပဥ္စင်းတို့ ဇာတိရွာနဲ့ဆိုရင် တစ်မိုင်လောက်ပဲဝေးတာပါ။ ဒါကြောင့် ဆရာတော်ကြီးက ငါတို့ရွာနဲ့လည်း အနီးဆုံးနေရာဖြစ်အောင်၊ အမြဲတမ်းလည်း ကားဝင်လို့ထွက်လို့ ကောင်းတဲ့နေရာကိုရွေးပြီး ဆေးရုံဆောက်နိုင်ဖို့ မြေနေရာရရှိအောင်ဆောင်ရွက်ပါလို့ မိန့်ကြားတဲ့အတွက် နိုင်ငံတော်ကနေ မြေ ၂၇ ဒသမ ၃၃ ဧက ရရှိခဲ့ပါတယ်။ ဒါနဲ့ဒီဆေးရုံကို ၂၀၁၄ ခုနှစ်မှာ စပြီးတည်ဆောက်ခဲ့တာ တစ်နှစ်ကျော်ကြာခဲ့ပါတယ်။ ဒီဆေးရုံနဲ့အတူ တရားဓမ္မတွေ ဟောကြားပြသနိုင်ဖို့ ဓမ္မစင်တာကိုလည်း တစ်ပါတည်း တည်ဆောက်ခဲ့ပါတယ်။ ဆေးရုံကို မေတ္တာနန္ဒဆေးရုံ၊ ဓမ္မစင်တာကိုတော့ သစ္စာနန္ဒလို့ ဆရာတော်ကြီးက အမည်ပေးခဲ့ပါတယ်။ အခု မေတ္တာနန္ဒဆေးရုံကို ဖွင့်လှစ်ပြီး နိုင်ငံတော်ကို လွှဲပြောင်းလှူဒါန်းပေးမှာ ဖြစ်ပါတယ်။ ဒီဆေးရုံဖွင့်ပွဲကို အကြိုကုသိုလ်အနေနဲ့ ဇန်နဝါရီ ၁၅ ရက်မှာ စဥ့်ကူးမြို့နယ်က ကျောင်းပေါင်း ၂၁၅ ကျောင်း၊ မတ္တရာမြို့နယ်က ၄၁၆ ကျောင်းနဲ့ တခြားပင့်သံဃာတွေ စုစုပေါင်း ၁၀၀၀ ကို တစ်ပါးလျှင် တစ်သိန်းကျော်ဖိုးစီ လှူဒါန်းပြီး အရုဏ်ဆွမ်းကပ်လှူပါတယ်။ ဇန်နဝါရီ ၁၆ ရက်မှာတော့ ဒီဆေးရုံကြီးကို ဖွင့်ပွဲကျင်းပပြီး နိုင်ငံတော်ကို လွှဲပြောင်းပေးအပ်လှူဒါန်းပွဲကျင်းပပါတယ်။ ဇန်နဝါရီ ၁၇ ရက်မှာတော့ မေတ္တာနန္ဒဆေးရုံကြီးဖွင့်ပွဲအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် စတုဒိသာကျွေးမွေးပြီး လာရောက်သူအားလုံးကို အထူးကုဆရာဝန်ကြီးတွေက အခမဲ့ဆေးကုသပေးမှာဖြစ်ပါတယ်။ ဦးပဥ္စင်းအနေနဲ့ ဒီကုသိုလ်မှာ ပါဝင်ခွင့်ရတာနဲ့ပတ်သက်လို့ပြောရရင် တချို့က ဒီလိုကုသိုလ်ကိုလုပ်ချင်ပေမယ့် လုပ်ခွင့်မရကြဘူး။ တချို့ကလုပ်ခွင့်ရပေမယ့် လုပ်ချင်စိတ်မရှိဘူး။ ဦးပဥ္စင်းအနေနဲ့ကတော့ လုပ်ချင်စိတ်လည်းရှိတယ်၊ ဆရာတော်ကြီးကလည်း လုပ်ခွင့်ပေးထားတဲ့အတွက် ကံအကောင်းဆုံးပုဂ္ဂိုလ်ဖြစ်ပါတယ်လို့ ပြောလိုပါတယ်။

■ ■



ဦးစန်းအောင်(မတ္တရာမြို့နယ်)

# တောင်တွင်းကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် MRTV-4 Free To Air ရုပ်သံလိုင်းကို ရိုးရိုးတီဗွီအင်တာနာဖြင့် လွယ်ကူစွာဖမ်းယူကြည့်ရှုနိုင်

**ရန်ကုန် ဇန်နဝါရီ ၁၆**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် MRTV-4 Free To Air ရုပ်သံလိုင်းကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ ပုသိမ်၊ လပွတ္တာ၊ ပဲခူး၊ မိတ္ထီလာ၊ ဘားအံ၊ မော်လမြိုင်၊ တောင်ငူ၊ မုံရွာ၊ လားရှိုး၊ မင်းဘူး၊ ပခုက္ကူ၊ ရေဦး၊ ဟင်္သာတမြို့တို့တွင် Free To Air စနစ်ဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။

ယခုအခါ MRTV-4 Free To Air ရုပ်သံလိုင်းကို တောင်တွင်းကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် လှိုင်းနှုန်း CH-20(512-518 MHz) ဖြင့် ထုတ်လွှင့်ပေးနေပြီဖြစ်ရာ မိမိတို့အိမ်ရှိ တီဗွီနှင့် UHF အင်တာနာဖြင့် ရုပ်သံအရည်အသွေးကြည်လင်ကောင်းမွန်စွာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ယွန်းပညာကောလိပ်(ပုဂံ)တွင် ထန်းအခြေခံထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

သမဝါယမဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ယွန်းပညာကောလိပ်(ပုဂံ)တွင် ထန်းအခြေခံထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ဒုတိယပတ်တွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးဒေါက်တာစိန်လှဗိုလ်၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြသန်းနှင့် ညွှန်ကြားရေးမှူးများ၊ ယွန်းပညာကောလိပ်(ပုဂံ) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီးနှင့် ကထိကများ၊ ဝန်ထမ်းများ၊ မန္တလေးတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ မြင်းခြံတက္ကသိုလ်တို့မှ ပါမောက္ခနှင့် ကထိကများ၊ ညောင်ဦးမြို့နယ်၊ တောင်သာမြို့နယ်များမှ ထန်းတောင်သူများ၊ ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ထန်းနှင့် ထန်းအခြေခံထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းဆိုင်ရာ လေ့လာတွေ့ရှိချက်များကို ပညာရှင်ရှစ်ဦးတို့က ရှင်းလင်းဆွေးနွေးကြသည်။ ညနေပိုင်းတွင် အုပ်စုသုံးစုဖွဲ့၍ ထန်းအခြေခံဆိုင်ရာအကြောင်းအရာများကို သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးကြပြီးနောက် ရလဒ်များကို ဖော်ထုတ်တင်ပြကြကြောင်း သိရသည်။

**(ကြေးမုံ)**

# စီမံကိန်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို ခရိုင်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးကိုကိုနိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူးက စီမံကိန်းရည်မှန်းချက်၊ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးဦးမျိုးတင့်က မြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်း လက်ရှိဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြီး စီမံကိန်းကျေးရွာများက ကော်မတီများ၏ အတိုးရငွေဖြင့် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်ရေးဆွေးနွေးတင်ပြကာ လုပ်ထုံးလုပ်နည်းများ၊ လုပ်ငန်းစဉ်များကို တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူအပြု အဖွဲ့များဖြင့် အဖွဲ့လိုက်သုံးဖွဲ့ခွဲ၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

■

ကျေးလက်ဖွံ့ဖြိုးမှ မြို့ရွာတိုးတက်မည်

# ‘တူးပို့’သည် မြန်မာ့ယဉ်ကျေးမှု လက္ခဏာ. . . ရိုးရာသင်္ကြန်၏ အထိမ်းအမှတ်. . . မြို့မ၏ပုံရိပ်၊ မြို့မငြိမ်း၏ စကားလုံး. . .

“သင်္ကြန်နှစ်ဦး တူးပို့. . .၊ တူးပို့
တူးသံ မြူးသာယာ. . .
သင်္ကြန်မယ်များ တူးပို့. . .၊ တူးပို့
တူးမာရဲ့ နော်ဗျာ. . .၊
ငွေငန်းသံစုံ တူးပို့၊ တူးပို့
အာရုံပျော်ဖြေတာ. . .
မယ်တို့ကိုလည်း တူးပို့ တူးပို့ မာပါစေခင်ဗျာ”

ဤသီချင်းက အလင်္ကာကျော်စွာ မြို့မငြိမ်း၏ နာမည်ကျော် “တူးပို့၊ တူးပို့”အမည်ရှိ သင်္ကြန်သီချင်း ဖြစ်သည်။ သင်္ကြန်ဟုဆိုသည်နှင့် မြို့မငြိမ်း၏ “ချိုပြုံး ရွှင်သောနှမပျိုရယ်” အစချီ “ရွှေမန်းတောင်ရိပ်ခို” သီချင်းနှင့်အတူ “တူးပို့၊ တူးပို့” ဟူသော သီချင်းက “မြန်မာ့ရိုးရာသင်္ကြန်”၏ အမှတ်လက္ခဏာများအဖြစ် ကမ္ဘည်းတင် မော်ကွန်းဝင်ခဲ့လေပြီ။ အမျိုးသားယဉ်ကျေးမှုပုံရိပ်တစ်ခု၏ အထိမ်းအမှတ်လည်း ဖြစ်နေပါ၏။

တကယ်တော့ ယနေ့တိုင် ထင်ဟပ်နေသော မြန်မာ့သင်္ကြန်၏ အခင်းအကျင်းများက တစ်ပြည်လုံး အတိုင်းအတာနှင့်ဆိုလျှင် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ နှောင်းပိုင်းနှစ်များမှ စတင်သည်ဟု ဆိုရမည်။ ရန်ကုန်ကို အခြေပြု၍ အောက်မြန်မာပြည်ကို အင်္ဂလိပ်က သိမ်းပိုက်ထားသည်ဆိုငြား အထက်မြန်မာပြည် မန္တလေး ရတနာပုံ နေပြည်တော်ကို ဗဟိုပြု၍ ပဒေသရာဇ် ရှင်ဘုရင်က အုပ်စိုးလျက်ရှိသေးသည်။ ထို့ကြောင့် မြန်မာရှင်ဘုရင်လက်အောက်က တစ်နှစ်တစ်ခါ ကျင်းပသော သင်္ကြန်ပွဲတော်များက ရှေးရိုးသမားစဉ် အစဉ်အလာများအတိုင်း ပုဏ္ဏားဟူးရား ပုရောဟိတ်များ၏ ကျမ်းဂန်လာအစီအစဉ်များနှင့်အညီ ဖြစ်ပါ၏။ ထိုအစဉ်အလာများက ပါတော်မူပြီးနောက် မြေနန်းပြာသာဒ်တော်၌ မြန်မာရှင်ဘုရင်၏ နေ့ည ညီလာခံများအစား ဂျင်မခန္ဓာကလပ်အသွင်ပြောင်းပြီး ဝင်စည်ထွက်စည်နှင့် စိန်ဆိုင်းတော်၊ မြဆိုင်းတော်၊ ပတ္တမြားဆိုင်းတော်များအစား အင်္ဂလန်ကဘင်သံများနှင့် အစားထိုးဝင်ရောက်လာကတည်းက ဆုံးရှုံးပျက်စီးသွားခဲ့ပြီ။

၁၈၈၇ ခုနှစ်တွင် အင်္ဂလိပ်အစိုးရက မန္တလေး မြူနီစီပယ်ကို ဖွဲ့စည်းပြီးနောက် မြို့ပြစီမံခန့်ခွဲမှုအသစ်များနှင့်အတူ မန္တလေးမြို့တွင်းရှိ အဓိကလမ်းမကြီးများတွင် အင်္ဂလိပ်အပါအဝင် လူမျိုးခြားကုန်တိုက်ကြီးများ ဖွင့်လှစ်လာကြသည်။ အာဠဝီစီလမ်း(ယခု ၂၂လမ်း)တွင် မစ္စကွစ်ကုန်တိုက်၊ ဝှိုက်တဝေး လိဒလော ကုန်တိုက်စသည်တို့ ဖွင့်လှစ်လာသည်။ ၂၆ ဘီလမ်း(ယခု အာဇာနည်လမ်း)တွင် ရိုးကုမ္ပဏီအပါအဝင် ကုန်တိုက်ကြီးများနှင့် မန္တလေး၏ စီးပွားရေးအချက်အချာ ဈေးချိုတော်ဝန်းကျင်တွင် အိန္ဒိယအမျိုးသားများပိုင် ကုန်တိုက်ကြီးများလည်း အပြိုင်အဆိုင် ဖွင့်လှစ်လာကြသည်။

၁၉၃၀ ပြည့်နှစ် ဝန်းကျင်သို့ ရောက်သောအခါ မန္တလေးမြို့ပေါ်ရှိ လူငယ်လေးများက မြန်မာဂီတနှင့် အနောက်တိုင်းဂီတတို့ကို ပေါင်းစပ်တီးမှုတ်ကြသော အပျော်တမ်း တူရိယာအသင်းများ ဖွဲ့စည်းလာကြသည်။ မာဃတဲ့၊ မင်္ဂလာညွှန့်တဲ့၊ မြို့မတဲ့၊ ပျိုတို့မောင်တဲ့. . . စသဖြင့် ဖြစ်သည်။ မြန်မာတို့၏ အထွတ်အမြတ်ဖြစ်သော သင်္ကြန်အခါကာလတွင် မြို့ပေါ်ရှိ ကုန်တိုက်ကြီးများ အသီးသီးက အသုံးပြုသော ကုန်တင်လော်ရီကားများကို


ဓာတ်ပုံ - ရေဝတီ

စီးပွားရေးလာဘ်မြင်၍ အကင်းပါးသော ကုန်တိုက်ပိုင်ရှင်များ၊ မန်နေဂျာများက လူငယ်များ သင်္ကြန်လည်ရန် အသုံးပြုခွင့်ပေးခဲ့၏။ အနုပညာဇာတ်ခံရှိသော မန္တလေးသား လူငယ်လေးများက အဆိုပါ ကုန်တင်လော်ရီကားများကိုစပ်ပန်းချီဖြင့် အလှအပဆင်၍အပျော်တမ်းတီးဝိုင်းအဖွဲ့များဖြင့် သင်္ကြန်ပွဲတော် ဆင်နွှဲပျော်ကြတော့သည်။

ထိုသို့ အလှပြယာဉ်များ စတင်အသုံးပြုလည်ပတ်သည့် အချိန်နှင့်အတူ မြို့ခံမိန်းမပျိုလေးများကလည်း အိမ်ရှေ့စင်ထိုး၊ အုန်းလက်၊ ပိတောက်ခက်များနှင့် အလှဆင်ပြီး အဆိုအကများနှင့် သင်္ကြန်ပွဲဆင်နွှဲကြတော့သည်။ ထိုသို့ သင်္ကြန်အခင်းအကျင်း အပြောင်းအလဲတွင် သီဆိုကြမည့် သီချင်းများက ရှေးရှေးဘုရင့်ခေတ်ကကဲ့သို့ နရီစည်းလေးကြီးနှင့် မဖြစ်တော့။ မြူးကြွသွက်လက် ပျော်ရွှင်ဖွယ်သီချင်းများ ဖြစ်ရတော့မည်။ လူတိုင်း၏ ရင်ခုန်သံကို ကိုယ်စားပြုသည့် စည်းချက်ဖြစ်ရတော့မည်။ ထိုစည်းချက်က (4-4 Timing)ပဲ မဟုတ်ပါလား။ ဘာတူရိယာမှမပါဘဲ လော်ရီကားကြီးပေါ် စုပြုံတက်ပြီး သင်္ကြန်ပျော်ကြစဉ်က ကားဘော်ဒီကို ရေခွက်၊ ဖလား၊ ရေပုံးများနှင့် ခေါက်ကြသည့် စည်းချက်ကိုက ဒုန်း၊ ဒုန်း၊ ဒုန်း. . .၊ တစ်ချက်နား. . .။ ဤစည်းချက်ပင် ဖြစ်သည်။

(ဒုန်း)၊ (ဒုန်း)၊ (ဒုန်း)၊ (. . .)
(ဒုန်း)၊ (ဒုန်း)၊ (ဒုန်း)၊ (. . .)

ထိုစည်းချက်နှင့် လိုက်ဖက်သောဒိုးဆစ်ကို ထည့်သွင်းလိုက်သောအခါ

‘ဖေးပို့၊ တူးပို့၊ တူးပို့၊ တူး’
‘ဖေးပို့၊ တူးပို့၊ တူးပို့၊ တူး’

ဟူ၍ ဖြစ်လာတော့သည်။ မြူးကြွသွက်လက်သော စည်းချက်နှင့်အတူ မြူးကြွသွက်လက်သော ဒိုးဆစ်သည် သင်္ကြန်၏ အမှတ်လက္ခဏာ၊ သင်္ကြန်၏ ‘အသံ’အဖြစ် အားရကျေနပ်စွာ လက်ခံလိုက်ကြသည်။ ထိုစည်းချက်နှင့် လိုက်ညီသော ဒိုးဆစ်ကို စတင်တီထွင်တီးခတ်သူက “မြို့မ တူရိယာအသင်း”ဖြစ်သည်။ မြို့မ၏ ဂီတအနုပညာ ထီးချက်စောင့်နတ်သားကြီးဖြစ်ကြသော မြို့မငြိမ်းဦးဆောင်သည့် ဝိုင်းတော်သားများဖြစ်သည်။ ဤသို့ဖြင့် ထီးသုံးနန်းသုံး ‘ရာဇ’သင်္ကြန်၏ ကိန်းကြီးခန်းကြီး နရီစည်းဝါးကြီးမှ အယုတ်အလတ် အမြတ်မရွေး အများပြည်သူအပေါင်း ပျော်ရွှင်စွာဆင်နွှဲနိုင်သော ‘လူထု’သင်္ကြန်(ဝါ) ရိုးရာယဉ်ကျေးမှုသင်္ကြန်အဖြစ် အဆိုပါ ဒိုးချက် ‘တူးပို့၊ တူးပို့’က ပေါင်းကူးညီညွတ်သွားစေခဲ့သည်။

ဤသို့ဖြင့် လူထုသဘောဆောင်သော သင်္ကြန်များ၏ အရှိန်အဟုန်က အားကောင်းလာသော စစ်ကြိုခေတ်ကာလများတွင် မန္တလေးသင်္ကြန်တွင် မပါမဖြစ် ပါဝင်ဆင်နွှဲလျက်ရှိသည့် မြို့မတူရိယာအသင်းက ငွေငန်းအလှပြယာဉ်ဖြင့် မြူးကြွသော သင်္ကြန်သီချင်းများကိုလည်း နှစ်စဉ်အသစ်ရေးစပ်သီဆိုတီးမှုတ်ခဲ့ရာ လူထုသင်္ကြန်သည် ဂီတသင်္ကြန်၊ အကသင်္ကြန်၊ အလှသင်္ကြန်များအဖြစ် ယဉ်ကျေးမှုမှတ်ကျောက်တင်နိုင်ခဲ့ကြ၏။ ထိုအချိန်ကာလတွင် သင်္ကြန်၏ အမှတ်လက္ခဏာ ‘ဒိုးဆစ်’ဖြစ်သည့် ‘တူးပို့၊ တူးပို့’ကို ပိုမိုလေးနက်၊ ပိုမိုအထင်အရှားဖြစ်စေသော တေးသီချင်းတစ်ပုဒ်ကို ဆရာမြို့မငြိမ်းက ရေးစပ်လိုက်တော့သည်။ ထိုအခါ နား၌သာအကြားအဖြစ် ထင်ဟပ်ခဲ့သည့် ဒိုးဆစ်သံက စကားလုံးတေးသွားအဖြစ် လူတိုင်း

ဆူးငှက်

နှုတ်ဖျား၌ သီဆို၊ စွဲမြဲ၊ နှစ်သက်၊ ကျယ်ပြန့်၊ ချိုမြိန်သွားတော့သည်။

**“သင်္ကြန်နှစ်ဦး တူးပို့. . .၊ တူးပို့
တူးသံ မြူးသာယာ. . .
သင်္ကြန်မယ်များ တူးပို့. . .၊ တူးပို့
တူးမာရဲ့ နော်ဗျာ. . .၊
ငွေငန်းသံစုံ တူးပို့၊ တူးပို့
အာရုံပျော်ဖြေတာ. . .
မယ်တို့ကိုလည်း တူးပို့ တူးပို့ မာပါစေခင်ဗျာ”**

ဤကား အနုပညာရှင်တစ်ဦး၏ အတိတ်ကံ၊ ပါရမီ၊ ဉာဏ်ရည်၊ စေတနာ၊ ပညာ၊ ဝီရိယနှင့် လုံ့လတို့၏ ရှားပါးတိုက်ဆိုင် ကွန့်မြူး၊ ပွင့်ထွက်မှုမှ ရရှိလာသော အမွေအနှစ်ဖြစ်ပါ၏။

**“တူးပို့၊ တူးပို့”**

ဤအမွေအနှစ်က ၁၉၄၀ ဝန်းကျင်ကာလမှသည် ဖြစ်တည်ခိုင်မြဲလာသည်မှာ ယခုတော့ တစ်ဦးတစ်ယောက်၊ တစ်သင်း၊ တစ်ဖွဲ့၊ တစ်မြို့၊ တစ်တိုင်း၏ အမွေအနှစ်မျှပင်မဟုတ်၊ တစ်မျိုးသားလုံး၏ အမွေအနှစ်ပင် ဖြစ်ခဲ့ချေပြီ။ ‘တူးပို့’ဟူသော စကားလုံးနှစ်လုံးက သာမန်မျှမဟုတ်တော့။ ‘အမျိုးသားရေးလက္ခဏာ’ကိုယ်စားပြု စကားလုံးနှစ်လုံးဖြစ်သည်။

- ‘တူးပို့’သည်
မြန်မာ့ယဉ်ကျေးမှုကို ရည်ညွှန်းသည်။
- ‘တူးပို့’သည်
အစဉ်အဆက် တန်ဖိုးထားခဲ့ကြသော မန္တလေး ရိုးရာသင်္ကြန်ကို ရည်ညွှန်းသည်။
- ‘တူးပို့’သည်
အနှစ် ၉၀ သက်တမ်းရှိ မန္တလေးမြို့ဂုဏ်ဆောင် မြို့မတူရိယာ’အသင်းကြီးကို ရည်ညွှန်းသည်။

ယခုအခါ ကမ္ဘာကျော် ကုမ္ပဏီကြီးတစ်ခုက မြန်မာပြည်သို့လာရောက်ကာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာအရ မူအားဖြင့် လက်မခံခဲ့ကြသည့် အရက်သေစာ မျိုးနွယ်ဝင်ဖြစ်သော ဘီယာ၏ ကုန်ပစ္စည်းတွင် မူရင်းတံဆိပ်စာသား “အင်္ဂလိပ်စာလုံး”ကို အကြောင်းပြု၍ မြန်မာစာလုံး “တူးပို့”ဟု ဇွတ်အတင်း အဓမ္မ စကားလုံးဖလှယ်သုံးစွဲ၍ ဈေးကွက်သို့ အလုံးအရင်းနှင့် ကြော်ငြာကာ ဖြန့်ချိလျက်ရှိပါ၏။

‘တူးပို့’သည် မြန်မာ့ယဉ်ကျေးမှု၏ အမှတ်လက္ခဏာ၊

‘တူးပို့’သည် မန္တလေးရိုးရာသင်္ကြန်၏ အထိမ်းအမှတ်၊

‘တူးပို့’သည် မြို့မတူရိယာအသင်း၏ ပုံရိပ်၊

ထို့အတူ . . .

‘တူးပို့’သည် အနုပညာရှင်ကြီး ‘မြို့မငြိမ်း’၏ ဦးနှောက်မှ ကွန့်မြူးမွေးဖွားခဲ့သော ‘အနုပညာ’၊

ထို့ကြောင့်

ပုဂ္ဂလိက စီးပွားရေးဘီယာတံဆိပ်တွင် မည်သူ့ခွင့်ပြုချက်မှ မရယူဘဲ ကိုယ့်သဘောနှင့်ကိုယ် ‘တူးပို့’ ဟူသောစကားလုံးကို သုံးစွဲသင့်ပါသလော. . .။

# “တူးပို့” စကားလုံးအား TUBORG ဘီယာတံဆိပ်တွင် အသုံးပြုမှု မြို့မငြိမ်းမိသားစု သဘောမတူ

**မန္တလေး ဇန်နဝါရီ ၁၆**

ဆရာမြို့မငြိမ်း၏ မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ကိုယ်စားပြု တူးပို့သီချင်းနှင့်ပတ်သက်၍ နိုင်ငံတကာ ကုမ္ပဏီကြီးတစ်ခုမှ စီးပွားရေးအတွက် အလွဲသုံးစားပြုလုပ်နေကြောင်း ရှင်းလင်းတင်ပြခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မြို့မတူရိယာအသင်းတိုက်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆရာမြို့မငြိမ်း၏ မြေးဖြစ်သူ ဦးဇော်မျိုးဦးက ဆရာမြို့မငြိမ်း၏ကိုယ်ပိုင် အနုပညာစကားလုံး တူးပို့ကို Carlsberg Company က ထုတ်လုပ်သည့် TUBORG ဘီယာတံဆိပ်တွင် သုံးစွဲခဲ့သည့်အတွက် အဆိုပါကုမ္ပဏီအား ဥပဒေကြောင်းအရ ဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ “တူးပို့” စကားလုံးကို အသုံးပြုနိုင်ရန်အတွက် ကုမ္ပဏီတာဝန်ရှိသူများမှ ဆရာမြို့မငြိမ်းမိသားစုနှင့် အကြိမ်ကြိမ် ညှိနှိုင်းခဲ့သော်လည်း မိသားစုမှ သဘောတူညီမှုမရှိခဲ့ကြောင်း၊ နောက်ပိုင်းတွင် ညှိနှိုင်းမှုတစ်စုံတစ်ရာ ပြုလုပ်ခြင်းမရှိဘဲ ဈေးကွက်အတွင်း ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများရှိနေခြင်းကြောင့် တရားဥပဒေနှင့်အညီ ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

“TUBORG ဘီယာကို မြန်မာပြည်တွင်းဈေးကွက်မှာ ဖြန့်ချိလိုကြောင်းနဲ့ အဖေရေးစပ်ခဲ့တဲ့ မြန်မာ့ရိုးရာသင်္ကြန်



သီချင်းမှာပါဝင်တဲ့ “တူးပို့” ဆိုတဲ့အသံနဲ့ ထပ်တူပြုချင်ပါတယ်ဆိုပြီး လာရောက်ဆွေးနွေးခဲ့ပါတယ်။ ပထမအကြိမ်ဆွေးနွေးစဉ်ကတည်းက ငြင်းဆိုခဲ့ပြီးသားပါ။ လေးကြိမ်တိတိ လာရောက်ဆွေးနွေးပြီး သူတို့ဆီကို ဆက်သွယ်တော့ ထုတ်လုပ်မှုမလုပ်သေးဘူးလို့ ၂၀၁၄ ခုနှစ်က ပြောတယ်။ အခုသဘောမတူဘဲနဲ့ ထုတ်လုပ်ပြီး ဖြန့်ချိရောင်းချနေတယ်။ ဒီလိုလုပ်ရပ်တွေဟာ ကျွန်တော်တို့မိသားစုကို စော်ကားရုံတင်မကဘူး မြို့မအသင်းနဲ့ လူတိုင်းနှစ်စဉ်ပျော်ရွှင်ကြတဲ့ ပြည်သူ့သင်္ကြန်ကို ဖျက်ဆီးနေတယ်လို့ ယုံကြည်တယ်”ဟု ၎င်းကပြောသည်။

“တူးပို့”ဆိုသည့် မြည်သံစွဲမှာ မြန်မာ့အဘိဓာန်တွင်သာမက မြန်မာ့စကားလုံးအသုံးအနှုန်းတွင်ပင် မရှိသည့် ဆရာကြီး မြို့မငြိမ်း၏ ကိုယ်ပိုင်တီထွင်ထားသည့် စကားလုံးဖြစ်ပြီး မန္တလေးသင်္ကြန်ကို ကိုယ်စားပြုသည့် စကားလုံးဖြစ်ခြင်းကြောင့် ယခုကဲ့သို့ ဘီယာတံဆိပ်တွင်အသုံးပြုသည့်အတွက် မဖြစ်သင့်ကြောင်း ဆရာဆူးငှက်က ပြောသည်။

“TUBORG ဘီယာထုတ်တဲ့ ကုမ္ပဏီက ကမ္ဘာကျော် ကုမ္ပဏီကြီးပါ။ TUBORG ကို ဘယ်လိုပဲ အသံထွက်ထွက် “တာဘော့”ပဲဖြစ်နိုင်တယ်၊ “တူးပို့”တော့ မဖြစ်နိုင်ဘူး။ ကုမ္ပဏီဘက်က မြို့မငြိမ်းမိသားစုနဲ့ လေးကြိမ်လောက် ညှိနှိုင်းခဲ့ကြတာတောင် ကုမ္ပဏီဘက်က ပြတ်ပြတ်သားသား အဖြေမပေးဘူး။ မြို့မငြိမ်းမိသားစုကလည်း သဘောမတူဘူးလို့ အတိအလင်းပြောထားတဲ့အတွက် ဂုဏ်သရေရှိစွာ “တူးပို့” ဆိုတဲ့စကားလုံးကို မသုံးလောက်ဘူးလို့ ထင်ထားပေမယ့် အခုလိုမြူးဖို့ “တူးပို့” ဆိုပြီးတောင် ဖြန့်ချိနေတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဆရာမြို့မငြိမ်းသီချင်းများအား လွန်ခဲ့သည့် ၁၂ နှစ်ခန့်ကတည်းက မှတ်ပုံတင်ထားပြီးဖြစ်ကြောင်းနှင့် “တူးပို့”သည် မြန်မာ့ရိုးရာသင်္ကြန်၏ သင်္ကေတဖြစ်ရုံမက မန္တလေးသင်္ကြန်၏သင်္ကေတအထိမ်းအမှတ်ဖြစ်ကြောင်း သိရသည်။

**(အောင်ရဲသွင်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

❑ ပထမအကြိမ်မှ

ကဏ္ဍငါးခုနှင့်စပ်လျဉ်း၍ အစုအဖွဲ့အသီးသီးက တင်ပြထားသော ဆွေးနွေးချက်စုစည်းမှု မှတ်တမ်းများကို ညီလာခံ၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး အဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ဗိုလ်ချုပ်မြင့်နွယ်၊ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဦးခက်ထိန်နန်တို့က အဆိုပြုချက်လေးချက်ကို တင်သွင်းကြပြီး ညီလာခံ၏ အတည်ပြုချက်ရယူသည်။

ယင်းနောက် ညီလာခံဆွေးနွေးမှု စုစည်းချက်များကို ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ပဒိုစောကွယ် ထူးဝင်း၊ ဦးသုဝေတို့က ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းထံ လွှဲပြောင်းအပ်နှံသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် NCA စာချုပ်ချုပ်ဆိုလက်မှတ်ရေးထိုးပြီး နိုင်ငံရေးကဏ္ဍဆွေးနွေးမှုအပါအဝင် ကဏ္ဍကြီးငါးရပ်၏ဆွေးနွေးမှုကို ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်အထိ ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။

ဒီမိုကရေစီခေတ်ကိုပြောင်းလဲရန် ကြိုးပမ်းလျှောက်လှမ်းနေသည့်ကာလတွင် အမြင်ချင်း၊ သဘောထားချင်း မတူညီသော်လည်း တိုးတက်ရရှိလာသည့် ယုံကြည်မှုများကြောင့် ယခုကဲ့သို့ ငြိမ်းအေးစွာ အမြင်ချင်းဖလှယ်လာကြခြင်းဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုဖြစ်စဉ်ကို နိုင်ငံတကာဖြစ်စဉ် အတွေ့အကြုံများနှင့် နှိုင်းယှဉ်ကြည့်ပါက နိုင်ငံရေးအသွင်ကူးပြောင်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ်များသည် တိုတောင်းလှသည့် အချိန်ကာလတစ်ခုအတွင်း များစွာခရီးရောက်ခဲ့သည်ကို အားလုံးတွေ့မြင်ကြရမည် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ် အလျင်အမြန်အကောင်အထည်ဖော်နိုင်သည့် အဓိက အကြောင်းအရင်းနှစ်ရပ်တွေ့ရှိရပါကြောင်း။

ပထမတစ်ရပ်မှာ နိုင်ငံတော်သမ္မတကြီး၏ သဘောထားဖြစ်သည့် ပြည်တွင်းငြိမ်းချမ်းရေးမရှိဘဲ ဒီမိုကရေစီမရရှိနိုင်၊ ဒီမိုကရေစီမရှိဘဲ ပြည်တွင်း ငြိမ်းချမ်းရေးမရရှိနိုင်ဆိုသည့် သဘောထားဖြစ်ပါကြောင်း။

ဒုတိယတစ်ရပ်မှာ စေ့စပ်ဆွေးနွေးညှိနှိုင်းခြင်းကို အခြေခံသည့် နိုင်ငံရေးယဉ်ကျေးမှုသစ်အရ စေ့စပ်ဆွေးနွေးညှိနှိုင်းမှုအားလုံးကို ပွင့်လင်းမြင်သာစွာ ဆွေးနွေးနိုင်ခဲ့ခြင်းကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အမြင့်ဆုံးရလဒ်ဖြစ်သည့် တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုကို တည်ဆောက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးတွင်ဆွေးနွေးကြသည့် အကြောင်းအရာများကို ဆုံးဖြတ်ချက်အနေဖြင့် ချမှတ်ခြင်းမပြုဘဲ အများ၏ ဆွေးနွေးချက်အနေဖြင့်သာ စုစည်းထားရှိမည် ဖြစ်ပါကြောင်း။

မတူကွဲပြားသည့် အစုအဖွဲ့ အသီးသီး၏ ကိုယ်စားလှယ်များ၊ မိမိတို့ကိုယ်စားပြုရာ လူထုလိုလားချက်များကို ဆွေးနွေးစုစည်းခြင်းဟု သတ်မှတ်ပြီး ယင်းဆွေးနွေးချက်များကို နောက်ဆက်လက်ကျင်းပသွားမည့် ငြိမ်းချမ်းရေးညီလာခံသို့ လက်ဆင့်ကမ်း လွှဲပြောင်းပေးသွားမည် ဖြစ်ပါကြောင်း။

မကြာမီပေါ်ပေါက်လာတော့မည့် အစိုးရသစ်ထံ အစိုးရတာဝန်လွှဲပြောင်းပေးသည့်အခါ ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်နှင့်အတူ ညီလာခံကြီးတွင် ဆွေးနွေးခဲ့ကြသည့် ဆွေးနွေးမှုများကို အခြေခံအုတ်မြစ်အနေဖြင့် တစ်ပါတည်း လွှဲပြောင်းပေးသွားမည် ဖြစ်ပါကြောင်း၊ အစိုးရသစ်လက်ထက်တွင် ညီလာခံ၏ စုစည်းဆွေးနွေးချက်များအပေါ်အခြေခံပြီး ယခုထက် ပိုမိုကောင်းမွန်သည့် သဘောတူညီချက်ရလဒ်များ ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးမှ အစပြုပြီး မိမိတို့အားလုံး၏ ရည်မှန်းချက်ဖြစ်သော ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်သည့် အမျိုးသားရေး တန်းတူရည်တူရှိသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်ပြီး အနာဂတ် မျိုးဆက်သစ်များအတွက် အမွေကောင်းတစ်ခုအဖြစ် ချန်ရစ်ထားနိုင်ရေး ကြိုးပမ်းပေးကြပါဟု တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ယနေ့နံနက်ပိုင်းတွင် အစုအဖွဲ့(၇)ဖွဲ့တို့က ကဏ္ဍငါးခုအပေါ် ဆွေးနွေးခဲ့ကြသည်။

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ဇန်နဝါရီ ၁၂ ရက်မှ ၁၆ ရက်ထိ ကျင်းပခဲ့ပြီး အစိုးရကိုယ်စားလှယ်များအစုအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၊ တပ်မတော်ကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်များအစုအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်အစုအဖွဲ့၊ တိုင်းရင်းသား ကိုယ်စားလှယ်အစုအဖွဲ့၊ ပါဝင်သင့်ပါဝင်ထိုက်သူများ အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ယခုကျင်းပသည့် ညီလာခံ၌ နိုင်ငံရေးကဏ္ဍတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုဆိုင်ရာ ကိစ္စရပ်များ၊ လူမှုရေးကဏ္ဍတွင် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များထဲမှ ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူများ၏ ကိစ္စရပ်များ၊ စီးပွားရေးကဏ္ဍတွင် အခွန်ကောက်ယူခြင်းနှင့် ပြန်လည်ခွဲဝေခြင်း၊ လုံခြုံရေးကဏ္ဍတွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အခြေခံသင့်သည့်မူများ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် သဘာဝသယံဇာတဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် ခွဲဝေခြင်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယခုညီလာခံမှ ထွက်ပေါ်လာသည့် ဆွေးနွေးချက်၊ စုစည်းချက်များသည် အဆုံးအဖြတ်မဟုတ်ဘဲ နောင်လာမည့် အစိုးရသစ်လက်ထက်တွင် ကျင်းပမည့် ငြိမ်းချမ်းရေးညီလာခံအတွက် အခြေခံနိုင်ရန် မှတ်တမ်းအဖြစ် ထားရှိသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**



ဗိုလ်ချုပ်မြင့်နွယ်။



ဦးခက်ထိန်နန်။

## ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံက အတည်ပြုခဲ့သည့် အဆိုပြုချက် (၄)ရပ်

၁။ ပြည်ထောင်စုသဘောတူစာချုပ် ရရှိနိုင်ရေးအတွက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးရမည့် အချိန်ကာလကို (၃)နှစ်မှ (၅)နှစ်အတွင်း ကြိုးပမ်းဆောင်ရွက်ရေး။

၂။ ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို သင့်တင့်လျောက်ပတ်သော အချိန်ကာလတွင် ဆောလျင်စွာ ကျင်းပသွားနိုင်ရေး။

၃။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)တွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်အရ နိုင်ငံရေး ဆွေးနွေးပွဲအဆင့်ဆင့်တွင် အမျိုးသမီး အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်လာနိုင်ရေး။

၄။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား မှတ်တမ်းတင်ဂုဏ်ပြုရေး။

# ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။**(ယာပုံ)**

သတင်းစာရှင်းလင်းပွဲတွင် အစုအဖွဲ့များ ကိုယ်စားပြုသည့် ဦးခက်ထိန်နန်၊ ဦးလှမောင်ရွှေ၊ ဦးခင်ဇော်ဦး၊ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ စိုင်းကျော်ညွန့်တို့က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းဖြေကြားချက်များကို ပြန်လည်ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**



# ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဆင်း

**ကျောက်တန်း ဇန်နဝါရီ ၁၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ သုံးလောကထွဋ်ခေါင် မာရ်အောင်ရတနာဘုရားတန်ဆောင်းတွင် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ တံတားမြို့ ရွာလယ်ကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိထံမှ ငါးပါးသီလခံယူပြီး တံတားမြို့ အမက(၁)ကျောင်းအုပ်ဆရာကြီး ဦးစောလှအောင်က အဖွင့်အမှာစကားပြောကြားသည်။ အငြိမ်းစားဆရာမကြီး ဒေါ်သိန်းကြည်က သင်တန်းတွင် သင်ကြားပေးသော ဆရာ ဆရာမများအား ကျေးဇူးတင်စကားပြောကြားကာ တံတားမြို့ အုပ်ချုပ်ရေးမှူး ဦးရဲမင်းထွန်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး သင်တန်းတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ခဲ့သော မှတ်တမ်းဓာတ်ပုံများ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် နာဂရိုးရာအစားအစာများကို သုံးဆောင်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးရှုစ်ကြူး နာဂရိုးရာအောင်းလုံပေးအပ်စဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ငွေများပေးအပ်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နာဂရိုးရာပန့်တုံးကို ဒေသခံတိုင်းရင်းသားများနှင့်အတူ တပျော်တပါး တီးခတ်ကြစဉ်။ (သတင်းစဉ်)



နာဂရိုးရာနှစ်သစ်ကူး မီးပုံပွဲ ကျင်းပနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

# နာဂရိုးရာဓာတ်ပုံအယ်လ်ဘမ်



မတူကွဲပြားသော ရိုးရာဝတ်စုံများကို ဝတ်ဆင်ထားကြသည့် နာဂတိုင်းရင်းသားများကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပသော နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် တွေ့ရစဉ်။ (ဓာတ်ပုံ-ဦးရဲထွဋ်ဖေ့စ်ဘွတ်)



နာဂရိုးရာနှစ်သစ်ကူးပွဲတော်၌ ရိုးရာအကများဖြင့် ဖျော်ဖြေနေကြစဉ်။ (သတင်းစဉ်)

# နိုင်ငံသားတိုင်း၏ တာဝန်ကြီးတစ်ရပ်ဖြစ်လာသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး

*(ယမန်နေ့မှအဆက်)*

**ထင်းလောင်စာ(Woodfuel)အတွက် သစ်တောစိုက်ခင်းများ တည်ထောင်ရေး**

ထင်းနှင့် မီးသွေးကို လောင်စာအဖြစ် သုံးစွဲခြင်းသည် ရုပ်ကြွင်းလောင်စာများ သုံးစွဲခြင်းထက် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု သိသာစွာလျော့နည်းသည်မှာမှန်သော်လည်း တစ်ဖက်မှ ကြည့်လျှင် ထင်း၊ မီးသွေးအတွက် သစ်ပင်များကို ခုတ်လှဲရသဖြင့် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို စုပ်ယူဖယ်ရှားပေးလျက်ရှိသည့် ရင်းမြစ်များ (Carbon Sink)ကို ယုတ်လျော့စေပါသည်။

ဖော်ပြပါပြဿနာကို ဖြေရှင်းနိုင်သည့် တစ်ခုတည်းသော နည်းလမ်းမှာ ထင်းစိုက်ခင်းများ တည်ထောင်ခြင်းနှင့် တစ်နိုင်တစ်ပိုင် သစ်ပင်များ စိုက်ပျိုးခြင်းဖြစ်ပါသည်။ ပုဂ္ဂလိက လုပ်ငန်းရှင်ကြီးများအနေဖြင့် ထင်းစိုက်ခင်းများတည်ထောင်ပြီး ထင်းထုတ်လုပ်ခြင်းနှင့် မီးသွေးဖုတ်သည့်လုပ်ငန်းကို စမ်းသပ်ဆောင်ရွက်ကြည့်သင့်ပါသည်။ ထင်း၊ မီးသွေးဟု ဆိုလိုက်သဖြင့် အထင်မသေးသင့်ပါ။ ဝင်ငွေကောင်းကောင်း ရရှိနိုင်ပါသည်။ ထင်းစိုက်ခင်းများဖြစ်ခြင်းကြောင့် ခုတ်ပတ်(Rotation)ကို သုံးနှစ်တည်းသာ ထားရမည်ဖြစ်ပါသည်။ စိုက်ခင်းများကို အလှည့်ကျခုတ်ယူခြင်းဖြင့် မိမိလိုအပ်သည့် ထင်းပမာဏကို ရရှိနိုင်သည်သာမက လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူမှုပမာဏကိုလည်း မထိခိုက်စေပါ။ မိမိတို့တည်ထောင်ထားသော စိုက်ခင်းများက လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်များကို နှစ်စဉ်စုပ်ယူပေးနေခြင်းကြောင့် ကမ္ဘာ့အပူချိန်မြင့်တက်မှု ဟန့်တားရေးတွင်လည်း တစ်တပ်တစ်အား ပါဝင်ကူညီရာရောက်သည်။ မိမိအတွက် ဝင်ငွေကောင်းရရှိပြီး သစ်တောများပြုန်းတီးမှုကို ကာကွယ်ပေးသည်သာမက ကမ္ဘာကြီးပူနွေးမှုကိုပါ လျှော့ချပေးနိုင်ခြင်းကြောင့် တစ်ချက်ခုတ်သုံးချက်ပြတ်သည့် လုပ်ငန်းဖြစ်ပါသည်။

**ထင်းအစား အခြားလောင်စာများ သုံးစွဲခြင်း**

မြန်မာနိုင်ငံမှ ကျေးလက်နေပြည်သူများသည် နေ့စဉ် ထမင်း၊ ဟင်း ချက်ပြုတ်ရာတွင် လောင်စာအဖြစ် ထင်းကိုသာ အဓိကအားထားသုံးစွဲကြရသည်။ သို့ရာတွင် ပြောင်းရိုး၊ ပဲရိုး၊ နှမ်းရိုး၊ ပဲစင်းငုံရိုး၊ ကြံဖတ် စသည့် လယ်ယာဘေးထွက်ပစ္စည်းများကိုလည်း သုံးစွဲကြသည်။ လယ်ယာဘေးထွက်ပစ္စည်းများ သုံးစွဲမှုများလာသည်နှင့်အမျှ ထင်းသုံးစွဲမှု လျော့နည်းမည်ဖြစ်သဖြင့် သစ်တောပြုန်းတီးမှုသက်သာမည်ဖြစ်သည်။ ထို့ကြောင့် လယ်ယာဘေးထွက်ပစ္စည်းများကို ယခုထက်ပိုမို ကျယ်ပြန့်စွာ အသုံးပြုရေးအတွက် ကြိုးပမ်းရမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့တွင် ကြက်ဆူရိုးနီပင်များအား ထင်းအဖြစ်ရောင်းချနေကြောင်း၊ အရှည်ခြောက်ပေ၊ ခုနစ်ပေခန့်ရှိသည့် ကြက်ဆူပင် ခုနစ်ပင်ခန့်ပါသော ထင်းတစ်စည်းလျှင် ကျပ် ၃၀၀ ဖြင့် ရောင်းချနေကြောင်း၊ ငါန်းဇွန်နယ်တွင် စိုက်ပျိုးထားသော ကြက်ဆူရိုးနီစိုက်ခင်းများမှ ကြက်ဆူစေ့ထုတ်ယူပြီးနောက် ကျန်ရှိသည့်အပင်များကို တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း လတ်တလောဖတ်ရှုရသည့် သတင်းတစ်ပုဒ်အရ သိရှိရပါသည်။

**စွမ်းအားမြင့်မီးဖိုများ ကျယ်ပြန့်စွာ အသုံးပြုရေး**

လောင်စာကုန်ကျမှုသက်သာသော စွမ်းအားမြင့်အိမ်သုံးမီးဖိုများ (Efficient Cookstove)ကို သုံးစွဲခြင်းဖြင့် ထင်း၊ မီးသွေး လောင်စာလိုအပ်ချက်ကို သိသာစွာလျှော့ချနိုင်ပါသည်။ ရေဆင်း၊ သစ်တောသုတေသနဌာနက တီထွင်ထုတ်လုပ်ဖြန့်ဖြူးခဲ့သော အေဝမ်းထင်းမီးဖိုများသည် ရိုးရာဖိုခုံလောက်မီးဖိုနှင့် နှိုင်းယှဉ်လျှင် ထင်းကုန်ကျမှု ၄၀ ရာခိုင်နှုန်း သက်သာသောကြောင့် ယခုအခါ အပူပိုင်းဒေသများနှင့် အခြားဒေသများ၌ပါ အသုံးများလျက်ရှိပါသည်။ ယင်းမီးဖိုတစ်လုံး၏ လက်ရှိပေါက်ဈေးသည် ဒေသကိုလိုက်၍ ငွေကျပ် ၂၀၀၀ မှ ၂၅၀၀ ခန့်ရှိသည်။ (ထုတ်လုပ်ဈေးမှာ ၁၅၀၀ ခန့်ရှိသည်။) ကျေးလက်လူထုနှင့် အခြေခံလူတန်းစားများ ယခုထက်ပိုမိုကျယ်ပြန့်စွာ အသုံးပြုစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် အသင်းအဖွဲ့များက မီးဖိုတန်ဖိုး၏ အနည်းဆုံးတစ်ဝက်ကို ကျခံပေးသင့်ပါသည်။ အိန္ဒိယနိုင်ငံတွင် ကျေးလက်ဒေသများ၌ စွမ်းအားမြင့် အိမ်သုံးမီးဖိုများ ကျယ်ပြန့်စွာအသုံးပြုစေရန် အစိုးရက တစ်စိတ်တစ်ဒေသကျခံပေးပြီး ကျေးရွာအုပ်စုလိုက် ကြီးကြပ်သူများထားပေးခြင်းဖြင့် အောင်မြင်ခဲ့ကြောင်း မှတ်သားဖူးပါသည်။

စွမ်းအားမြင့်မီးဖိုများ သုံးစွဲခြင်းဖြင့် ထင်း/လောင်စာကုန်ကျမှုသက်သာသည်နှင့်အမျှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုလည်း လျော့နည်းခြင်းကြောင့် ကမ္ဘာ့အပူချိန်မြင့်တက်မှု ဟန့်တားရေးလုပ်ငန်းကိုပါ တစ်ပြိုင်တည်းဆောင်ရွက်ပြီး ဖြစ်ပါမည်။

ထို့ပြင် စွမ်းအားမြင့်မီးဖိုများနှင့် သက်ဆိုင်သည့် သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်နှင့် မီးဖိုများထုတ်လုပ်ရာတွင် ကျေးရွာလူထု လက်လှမ်းမီသည့် ဈေးနှုန်းဖြင့် ရောင်းချနိုင်ရေးကိုပါ ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေစုစုပေါင်း၏ ၇၀ ဒသမ ၄ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ ထို့ကြောင့် ထင်းကိုအဓိက သုံးစွဲကြသော ကျေးလက်လူထု၏ ထင်းသုံးစွဲမှုသည် သစ်တောများ ပြုန်းတီးမှုလျှော့ချရေးတွင် အလွန်အရေးပါသည့်ကဏ္ဍမှ ပါဝင်နေသည်။

**ရေထုညစ်ညမ်းမှု တားဆီးရေး**

ဆည်များ၊ ကန်များနှင့် မြစ်ချောင်း၊ အင်းအိုင်များရှိ ရေများ (Surface Water) နှင့် မြေအောက်ရှိရေများ (Underground Water) ညစ်ညမ်းရေဖြစ်သွားစေမည့် လုပ်ဆောင်ချက်များကို တားဆီးကြရန်ဖြစ်သည်။ စက်ရုံ၊ အလုပ်ရုံများမှ သုံးစွဲပြီးရေဆိုးများကို သန့်စင်ခြင်းမပြုဘဲ စည်းကမ်းမဲ့ စွန့်ပစ်ခြင်းကြောင့်လည်းကောင်း၊ စိုက်ပျိုးရေးတွင် ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများကို သုံးစွဲခြင်းကြောင့်လည်းကောင်း၊ မြေပြင်ပေါ်ရှိရေများသည် သုံးစွဲ၍မရတော့သည့် ညစ်ညမ်းရေများ ဖြစ်သွားသည်သာမက မြစ်များ၊ ချောင်းများရှိ ဂေဟစနစ်များကိုပါ ပျက်စီးစေသည်။ ချင်းတွင်းမြစ်ညာတွင် ရွှေကျင်သူများ သုံးစွဲသည့် ဓာတုပစ္စည်းများကြောင့် ယင်းမြစ်ရေကို သောက်၍မရတော့ခြင်း၊ အောင်လံမြို့တွင် စက်ရုံအချို့မှ စွန့်ပစ်ရေများကြောင့် ဧရာဝတီမြစ်ရေကို သောက်ရေနှင့် ချိုးရေအဖြစ် သုံးစွဲ၍မရတော့ခြင်း စသည့်သာဓကများ ရှိခဲ့ပါသည်။

ရေအရင်းအမြစ်များ ညစ်ညမ်းရေ မဖြစ်စေရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာနက "ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများ" ကို ၂၀၁၃ ခုနှစ် နှစ်ဆန်းပိုင်းကတည်းကပင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ ပြည်သူလူထုက နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ပြီး တာဝန်ရှိသူများကလည်း ဥပဒေ၊ နည်းဥပဒေများအတိုင်း ကြီးကြပ်ကာ မလိုက်နာသူများအား အရေးယူရန် ဖြစ်ပါသည်။

**ရေထုယုတ်လျော့မှု တားဆီးရေး**

မြန်မာနိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်က မြေအောက်ရေကြွယ်ဝမှုတွင် ကမ္ဘာပေါ်၌အဆင့် - ၄ ရှိကြောင်း မှတ်သားမိပါသည်။ ယခုအခါမြေအောက်ရေကို ထိန်းပေးနိုင်စွမ်းရှိသောသစ်ပင်များ လျော့နည်းလာခြင်းကြောင့်လည်းကောင်း၊ ကမ္ဘာအပူချိန် မြင့်တက်လာမှုကြောင့်လည်းကောင်း၊ မြေအောက်ရေများ ယုတ်လျော့နေမည်မှာ သေချာပါသည်။ ဒေသတစ်ခု၏အပူချိန်သည် ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုလာလျှင် မြေအောက်ရေယုတ်လျော့သည့် အန္တရာယ်နှင့်ကြုံတွေ့နိုင်ကြောင်း ပညာရှင်များက သတိပေးထားသည်။ ထို့ပြင် အဝီစိတွင်းများကို အကန့်အသတ်မရှိ တူးဖော်ခြင်းသည်လည်း မြေအောက်ရေ ယုတ်လျော့မှုကို ဖြစ်ပေါ်စေသည်သာမက ပင်လယ်ကမ်းနှင့် နီးသည့်ဒေသများတွင် ရေငန်ဝင်ရောက်လာနိုင်သည်။

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ယခုငါးနှစ်အတွင်း ရေနံတွင်းပေါင်း သောင်းနှင့်ချီ၍တူးခဲ့သည့် အကျိုးဆက်အဖြစ် ယင်းဒေသတွင် အဝီစိတွင်းတူးလျှင် ရေမထွက်တော့ကြောင်း၊ ရှိပြီးတွင်းများသည်လည်း ရေချိုမှ ရေငန်ပြောင်းသွားကြောင်း လတ်တလောဖတ်ရှုရသော သတင်းတစ်ပုဒ်အရ သိရှိရပါသည်။

**မိုးရေစုဆောင်းရေး**

မိမိတို့ အိမ်နှင့် ခြံအတွင်းသို့ ကျရောက်သော မိုးရေများကို စုဆောင်းသည့် အလေ့အကျင့်ကို ကျင့်သုံးကြရန်ဖြစ်ပါသည်။ တစ်နှစ်လျှင် မိုးရေချိန်လက်မ ၂၀ ရွာသည့်ဒေသ၌ရှိသော ပေ ၂၀ × ပေ ၃၀ ကျယ်သည့် အိမ်တစ်အိမ်၏ ခေါင်မိုးပေါ်သို့ ကျရောက်သည့် မိုးရေစက်အားလုံး၏ တစ်ဝက်ကို စုဆောင်းနိုင်မည်ဆိုပါက ရေပမာဏ ၄၂၃၅ ဂါလန်(၂၀ လီတာဝင်ရေသန့်ဘူးကြီး ၉၅၀ ခန့်) ရရှိနိုင်သည်။ ထို့ကြောင့် ရေတံလျှောက်ကို မိမိတတ်နိုင်သည့်ပစ္စည်းဖြင့် မဖြစ်မနေတပ်ဆင်ရန်ဖြစ်ပြီး ရေသိုလှောင်နိုင်သည့် ကန်၊ ပလတ်စတစ်ပုံး စသည်များထားရှိရန်ဖြစ်သည်။ ထို့ပြင် ခြံအတွင်း၌ ရေကန်တူးထားခြင်းဖြင့်လည်း ချိုးရေနှင့် မွေးမြူထားသောတိရစ္ဆာန်များအတွက် သောက်ရေရရှိနိုင်ပါသည်။ ၁၀ ပေ × ၁၀ ပေ× ၅ ပေ ရှိသည့် ရေကန်တစ်ကန်တွင် ရေဂါလန် ၃၀၀၀ ကျော် စုဆောင်းရရှိနိုင်သည်။

> **မိမိတို့တည်ထောင်ထားသော စိုက်ခင်းများက လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်များကို နှစ်စဉ် စုပ်ယူပေးနေခြင်းကြောင့် ကမ္ဘာ့အပူချိန်မြင့်တက်မှု ဟန့်တားရေးတွင်လည်း တစ်တပ်တစ်အား ပါဝင်ကူညီရာ ရောက်သည်။ မိမိအတွက် ဝင်ငွေကောင်းရရှိပြီး သစ်တောများပြုန်းတီးမှုကို ကာကွယ်ပေးသည်သာမက ကမ္ဘာကြီး ပူနွေးမှုကိုပါ လျှော့ချပေးနိုင်**

လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ ဆေးရုံ စသည်များ၌ မိုးရေစုဆောင်းနိုင်ရန်အတွက် ရေတံလျှောက်များ တပ်ဆင်ပေးခြင်း၊ ရေလှောင်ကန်များ ဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် နွေရာသီတွင် ရေပြတ်လပ်သည့်ဒေသများအတွက် အကူအညီပေးရာ ရောက်ပါသည်။ ၂၀၀၀ ပြည့်နှစ်ဝန်းကျင်က ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် UNDP က ဆောင်ရွက်ခဲ့သော စီမံကိန်းများ၌ မိုးရေစုဆောင်းရန် ရေလှောင်ကန်များ တည်ဆောက်ပေးခဲ့သည့် သာဓကများ ရှိခဲ့ပါသည်။ ထို့ပြင် ရေတွင်းရေကန်များ တူးဖော်ပေးခြင်း၊ ရှိပြီးရေကန်များ မိုးရေပိုမိုလက်ခံနိုင်ရန် တူးဖော်ပေးခြင်း စသည်များကိုပါ ဆောင်ရွက်ပေးသင့်ပါသည်။

**လေထုညစ်ညမ်းမှုတားဆီးရေး**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် လေထုညစ်ညမ်းမှု မမြင့်တက်စေရေးသည် အရေးပါသော ကဏ္ဍတစ်ခုဖြစ်ပါသည်။ ကမ္ဘာ့မြို့ကြီးများတွင် မော်တော်ယာဉ်များ အဆမတန်များပြားလာသည်နှင့်အမျှ လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိရာ အာရှဒေသမှ မြို့ကြီးများတွင် လေထုညစ်ညမ်းမှုပစ္စည်းများဖြစ်ကြသည့် PM 10 နှင့် ယင်းထက်သေးငယ်သော ညစ်ညမ်းအမှုန်များ၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်နှင့် ဆာလ်ဖာဒိုင်အောက်ဆိုက်တို့၏ပါဝင်နှုန်းသည် WHO သတ်မှတ်ချက်ထက်လျော့နည်းသည့် မြို့တစ်မြို့မျှမရှိကြောင်း မှတ်သားမိပါသည်။

လေထုညစ်ညမ်းမှုတွင် တရုတ်ပြည်မှ ပေကျင်းမြို့တော်နှင့် အိန္ဒိယနိုင်ငံမှ နယူးဒေလီမြို့ကြီးတို့သည် ကမ္ဘာကျော်ပါသည်။ ပေကျင်းမြို့တော်တွင် လေထုညစ်ညမ်းမှုဆိုင်ရာ အနီရောင်အဆင့် (အမြင့်ဆုံးအဆင့်) သတိပေးချက်ကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၈ ရက်မှ ၁၀ ရက်အထိ ထုတ်ပြန်ခဲ့ကြောင်း၊ ပထမအကြိမ်ထုတ်ပြန်ချက်ကို ၂၀၁၃ ခုနှစ်က ထုတ်ပြန်ခဲ့ရကြောင်း၊ ကျောင်းများနှင့်

အငြိမ်းစားပါမောက္ခချုပ် ဦးဝင်းကြည်
(သစ်တောတက္ကသိုလ်)

Outdoor လုပ်ငန်းများကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြားသိရပါသည်။ ပေကျင်းမြို့တော်မှ ငွေကြေးတတ်နိုင်သူများက ကနေဒါနိုင်ငံ တောင်ပေါ်ဒေသမှ သန့်ရှင်းလတ်ဆတ်သော လေများထည့်သွင်းထားသည့် Vitality Air ဟုခေါ်သော လေသန့်ဘူးများကို ဝယ်ယူအသုံးပြုနေကြကြောင်း စိတ်ဝင်စားဖွယ် ကြားသိရပါသည်။

နယူးဒေလီမြို့ကြီးတွင်မူ လေထုညစ်ညမ်းမှုလျော့ကျစေရေးအတွက် "ညစ်ညမ်းခွန်" ကောက်ယူတော့မည်ဖြစ်ကြောင်း၊ မြို့တွင်းသို့ ဝင်ရောက်မည့် ထရပ်ကားများနှင့် အသေးစားကုန်သွယ်ယာဉ်အားလုံး အပိုကြေးပေးဆောင်ရမည်ဖြစ်ကြောင်း၊ ယာဉ်ကြောပိတ်ခြင်းကြောင့် ကားများသည် တစ်နာရီလျှင် ပျမ်းမျှ ကီလိုမီတာ ၂၀ နှုန်းခန့်သာ မောင်းနှင်နိုင်ခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုမိုများပြားလာကြောင်း၊ သက်တမ်း (၁၀)နှစ်ထက်ကျော်သော ဒီဇယ်ကားများအသုံးပြုခြင်းကို အိန္ဒိယသဘာဝပတ်ဝန်းကျင်တရားရုံးက ၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းက ပိတ်ပင်ခဲ့ကြောင်း သိရှိရပါသည်။

ရန်ကုန်မြို့တော်၏ လေထုညစ်ညမ်းမှုအခြေအနေကိုသိရှိရန် မြို့တော်စည်ပင်က ၂၀၁၂ ခုနှစ်မှစတင်၍ အမြဲတမ်း စခန်းသုံးခုနှင့် ရွေ့လျားစခန်း ၆၄ ခုတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ တိုင်းတာခဲ့ကြောင်း သိရှိရပါသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလမှ နိုဝင်ဘာလအတွင်း တိုင်းတာချက်များအရ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုသည် ရွှေပြည်သာမြို့နယ်၌ ၁၂၂၈ ppm ဖြင့် အများဆုံးရှိပြီး ယုဇနတပ်ခွဲရုံးအနီး၌ ၂၈၉ ppm ဖြင့် အနည်းဆုံးဖြစ်ကြောင်း၊ ကာဗွန်မိုနော့ဆိုက်ပါဝင်မှုတွင် မြို့တော်ခန်းမအနီး၌ ၁၀၆၂ ppb (parts per bilion) ဖြင့် အများဆုံးဖြစ်ပြီး ဒလသုဿာန်အနီး၌ ၆ ppb ဖြင့် အနည်းဆုံးဖြစ်ကြောင်း၊ မီသိန်းပါဝင်မှုတွင် ရွှေပြည်သာမြို့နယ်၌ ၃၆၈၂ ဒသမ ၄ ppm ဖြင့် အများဆုံးဖြစ်ပြီး မြောက်ဥက္ကလာစက်မှုဇုန်၌ ၉ ဒသမ ၇ ppm ဖြင့် အနည်းဆုံးဖြစ်ကြောင်း၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ပါဝင်မှုတွင် ရွှေပြည်သာမြို့နယ်၌ ၃၉၁ ppb ဖြင့် အများဆုံးဖြစ်ပြီး အလုံမြို့နယ်တွင် ၇ ppb ဖြင့် အနည်းဆုံးဖြစ်ကြောင်း၊ PM 2.5 ပါဝင်မှုတွင် မြို့တော်ခန်းမအနီး၌ ၁၃၀ $\mu g/m^3$ ဖြင့် အများဆုံးဖြစ်ပြီး စမ်းချောင်းမြို့နယ်၌ ၃ $\mu g/m^3$ ဖြင့် အနည်းဆုံးဖြစ်ကြောင်း၊ PM 10 ပါဝင်မှုတွင် မြို့တော်ခန်းမအနီး၌ ၁၆၀ $\mu g/m^3$ ဖြင့် အများဆုံးဖြစ်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၇ $\mu g/m^3$ ဖြင့် အနည်းဆုံးဖြစ်ကြောင်း၊ ဆာလဖာဒိုင်အောက်ဆိုက်ပါဝင်မှုတွင် ရွှေပြည်သာ၌ ၆၆၃ ppb ဖြင့် အများဆုံးဖြစ်ပြီး မြို့တော်ခန်းမအနီးတွင် ၇ ppb ဖြင့် အနည်းဆုံးဖြစ်ကြောင်း သိရှိရပါသည်။ (PM 10 - particulate matter or particulates ဆိုသည်မှာ အချင်း ၂ ဒသမ ၅ မိုက်ခရိုမီတာ နှင့် ၁၀ မိုက်ခရိုမီတာကြားရှိ ညစ်ညမ်းအမှုန်များဖြစ်ပြီး PM 2.5 မှာ အချင်း ၂ ဒသမ ၅ မိုက်ခရိုမီတာ ထက်ငယ်သော ညစ်ညမ်းအမှုန်များ၊ ၁၀ မိုက်ခရိုမီတာသည် လူ့ဆံချည်မျှင်အချင်း၏ငါးပုံတစ်ပုံခန့်ရှိသည်။)

WHO ၏ အာဆီယံနိုင်ငံများအတွက် လေထုညစ်ညမ်းမှုသတ်မှတ်ချက်များမှာ ကာဗွန်ဒိုင်အောက်ဆိုက် ၃၄၅ ppm၊ ကာဗွန်မိုနော့ဆိုက် ၉၀၀၀ ppb၊ မီသိန်း ၁၆၀ ppm၊ ဆာလဖာဒိုင်အောက်ဆိုက် ၁၂၅ ppm၊ PM 2.5 -၃၅ $\mu g/m^3$၊ PM 10 - ၁၅၀ $\mu g/m^3$ အသီးသီးဖြစ်ကြပြီး နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် သတ်မှတ်ချက်သည် USEPA (US Environmental Protection Agency) အရ ၁၅၀-၂၀၀ ppb ဖြစ်သည်။

ထို့ကြောင့် ပါဝင်မှုအများဆုံး ကိန်းဂဏန်းများအရဆိုလျှင် ကာဗွန်မိုနော့ဆိုက်မှအပ ကျန်ဓာတ်ငွေ့များနှင့် ညစ်ညမ်းအမှုန်များသည် သတ်မှတ်ချက်ထက် ကျော်လွန်နေကြောင်း တွေ့မြင်နိုင်ပါသည်။ (နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်အတွက် WHO ၏ သတ်မှတ်ချက်မရှိသေးသဖြင့် USEPA ၏ သတ်မှတ်ချက်ကို ရယူထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။) *(ဆက်လက်ဖော်ပြပါမည်။)*

# သမိုင်းဝင် သမိုင်းတွင်မည့် ငြိမ်းချမ်းရေးညီလာခံမှသည် ငြိမ်းချမ်းသောပြည်ထောင်စုဆီသို့

**မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာများကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ထူထောင်ကာ လက်နက်ကိုင်ပဋိပက္ခများအဆုံးသတ်နိုင်ရန် မြန်မာနိုင်ငံ၏ပထမဆုံးသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ခေါင်းစဉ်ငါးခုဖြင့် ငါးရက်ကြာကျင်းပခဲ့သည်။ ထိုသို့ ငါးရက်ကြာကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်လာခဲ့ကြသည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များအား ညီလာခံမှ ထွက်ပေါ်လာသည့်ရလဒ်များနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။**



ဦးညီအုန်းမြင့်



ဦးဟန်ညွန့်-ဥပဒေ



ဒေါ်ဒွဲဘူ



ဦးပါစီပြည်ဟိန်း



ဦးအောင်မျိုးခိုင်



ဒေါ်အိန်ဂျလာသောင်း

### ဦးညီအုန်းမြင့်(မြန်မာငြိမ်းချမ်းရေးဗဟိုဌာန၊ ငြိမ်းချမ်းရေးဆွေးနွေးမှုဌာန တွဲဖက်ညွှန်ကြားရေးမှူး)

ဒီငါးရက်တာအတွင်းမှာ ဘာအကျိုးအမြတ်ရလဲဆိုတော့ ကျွန်တော်တို့တိုင်းပြည်ရဲ့ မတူကွဲပြားနေတဲ့ပြဿနာတွေ၊ ရင်ဆိုင်နေရတဲ့စိန်ခေါ်မှုတွေ၊ ကျွန်တော်တို့အားလုံး ဒီနေရာမှာ စုစည်းပေးနိုင်ခဲ့တယ်။ အားလုံးသဘောတူညီချက်ကတော့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုဖြစ်ဖို့ပါ။ ဖွဲ့စည်းပုံအခြေခံစနစ်ကလည်း ဖက်ဒရယ်စနစ်ဆန်ဆန်လုပ်ထားတယ်။ အသက်မဝင်သေးတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ရှိတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက အဲဒါကို ဘယ်လိုကျင့်သုံးရမယ်ဆိုတာမသိကြဘူး။ အဲဒီပြဿနာတော့ရှိတယ်။ အသွင်ကူးပြောင်းရေးကာလမှာ သင်ခန်းစာယူနိုင်တာက ဖွဲ့စည်းပုံအခြေခံကို ပြင်မယ်လို့သာ ပြောနေကြတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေက သုံးကို မသုံးရသေးဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကိုသာ မျက်စိမှိတ်စုံကန်ပြီးတော့ ပြင်ရမယ်ပြောနေပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို တကယ်မသုံးနိုင်တဲ့အတွက် ဒီငါးနှစ်မှာ မေးခွန်းထုတ်စရာလည်း ဖြစ်လာပါတယ်။

ပြည်ထောင်စုထဲမှာ ပြည်နယ်တွေထဲမှာ ရှိနေတဲ့ ဥပဒေပြုအာဏာကို ဘာကြောင့် အသုံးမချတတ်တာလဲ။ ပြည်နယ်အစိုးရတွေကလည်း ဗဟိုအစိုးရအပေါ်မှီခိုတယ်ဆိုတဲ့အချက်တွေ တွေ့ရတယ်။ တစ်ခုခုဖြစ်တယ်ဆိုရင် နေပြည်တော်ကိုလှမ်းမေးတယ်။ နေပြည်တော်က ခွင့်ပြုမှဆိုတဲ့အရာမျိုးတွေပါ။ နှစ် ၅၀ ကျော် ဒီမိုကရေစီနဲ့ ဝေးနေရချိန်မှာ ဒီမိုကရေစီကို အခုပြန်ရတဲ့အခါ ကိုယ်ကိုယ်တိုင်က မသုံးတတ်ဘူး။ အခုချိန်ထိ ဇွန်းနဲ့ ခွံ့ကျွေးတဲ့ နိုင်ငံရေးဘဝကိုပဲ ကြိုက်ကြတယ်။ ဒါတွေဟာ ငြိမ်းချမ်းရေးတစ်ခုတည်းမဟုတ်ဘဲ ကဏ္ဍပေါင်းစုံမှာ အားနည်းချက်တွေရှိနေတာပါ။ အားနည်းချက်တွေကလည်း အစိုးရိမ်လွန်တာတွေရှိသလို ယုံကြည်မှုကိုလည်း ဒီထက်ပိုပြီး တည်ဆောက်သင့်ပါတယ်။ ယုံကြည်မှုကို ဘယ်လိုတည်ဆောက်ရမလဲဆိုတာ အခုငါးရက်မှာ တွေ့ခဲ့ရပါတယ်။

### ဦးဟန်ညွန့်-ဥပဒေ(သတင်းမီဒီယာကောင်စီဝင်)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးမှာ တပ်မတော်၊ အစိုးရ၊ လွှတ်တော်၊ တိုင်းရင်းသားလက်နက်ကိုင် စတဲ့ အစုအဖွဲ့တွေ၊ သုတေသီပညာရှင်တွေနဲ့ တက်ရောက်သူတွေရဲ့ အမြင်အမျိုးမျိုးကိုကြားသိရပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုမူနဲ့စပ်လျဉ်းပြီး အများကထောက်ခံဆွေးနွေးကြပါတယ်။ နိုင်ငံတကာမူနဲ့စံတွေကိုလည်း ရည်ညွှန်းကြပါတယ်။ အလွန်အားရဖွယ်လည်းကောင်းပါတယ်။ ဆွေးနွေးညှိနှိုင်းမှုက ရရှိတဲ့ဘက်စုံအမြင်တွေကို ပေါင်းစုပြီး ငြိမ်းချမ်းသောပြည်ထောင်စုကြီး မုချပေါ်ထွန်းလာမယ်လို့ မျှော်လင့်ပါတယ်။

### ဦးလှမောင်ရွှေ(မြန်မာငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၊ အထူးအကြံပေး)

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ နိုင်ငံရေးဆွေးနွေးမှုကဏ္ဍမှာ တင်သွင်းလာတဲ့ ဖက်ဒရယ်စနစ်မှာအခြေခံရမယ့်မူတွေနဲ့ပတ်သက်ပြီး အဖွဲ့အစည်းခုနစ်ခုမှ အစုအဖွဲ့တွေက တင်သွင်းလာတဲ့ သဘောထားတွေကို မိနစ် ၃၀ စီ ဖတ်ကြားပါတယ်။ ဒီနိုင်ငံရေးကဏ္ဍက ဆွေးနွေးချက်တွေကို စုစည်းပြီး နောင်ညီလာခံမှာ ပြန်လည်ဆွေးနွေးမှာပါ။ ဒီဆွေးနွေးပွဲကတော့ အခြေခံပဲဖြစ်ပါတယ်။ ပါဝင်ဆွေးနွေးတဲ့သူတွေရဲ့ ဆွေးနွေးချက်တွေကို အကောင်အထည်ဖော်ဖို့က အလွန်အရေးကြီးပါတယ်။ နောင်လာမယ့်ဆွေးနွေးပွဲတွေကတော့ အကောင်အထည်ဖော်မယ့် ကာလဖြစ်ပါတယ်။ အဲဒါတွေပြီးသွားရင်တော့ တစ်ခုတည်းသော တပ်မတော်လည်းဖြစ်လာမယ်။ တိုင်းရင်းသား လက်နက်ကိုင်တွေလည်းမရှိတော့ဘူး။ ကျွန်တော့်အနေနဲ့ကတော့ ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ လေးနှစ်ခွဲလောက်ပါလာခဲ့တာဖြစ်လို့ အခုညီလာခံဟာ ကျွန်တော်တို့ လုံးဝရောက်မယ်လို့ထင်မထားခဲ့တဲ့ အခြေအနေကို လုံးဝရောက်လာခဲ့ပါတယ်။ ဒါကြောင့်အနာဂတ်မှာ ဖက်ဒရယ်စနစ်ကို ကျင့်သုံးတဲ့ ဒီမိုကရေစီနိုင်ငံတော်လည်းဖြစ်လာမယ်။ အခြားလက်နက်ကိုင် တိုင်းရင်းသားတွေမရှိတဲ့ နိုင်ငံတော်ကိုရောက်သွားမယ်လို့လည်း မျှော်လင့်ရပါတယ်။

### ဒေါ်ဒွဲဘူ(ကချင်ပြည်နယ် အင်ဂျန်းယန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)

ခေါင်းစဉ်ငါးခုရှိတဲ့အနက် မြေယာနဲ့သယံဇာတကို အဓိကထားဆွေးနွေးခဲ့ပါတယ်။ မြေယာနဲ့ပတ်သက်ပြီး ဖြေရှင်းရမယ့်အချက်တွေက များပါတယ်။ ပြဿနာကို ဘယ်လိုအဖြေရှာကြမလဲဆိုတာတွေကို အသေးစိတ်ဆွေးနွေးခဲ့ကြပါတယ်။ သဘာဝသယံဇာတတွေဟာ အခုချိန်မှာ အရေးကြီးတဲ့ကိစ္စရပ်တစ်ခုဖြစ်နေပါတယ်။ လက်ရှိမှာလည်း သဘာဝသယံဇာတတွေကြောင့်ပဲ မငြိမ်းချမ်းမှုတွေဖြစ်ပေါ်နေတာပါ။ ကျွန်မတို့ပြည်နယ်မှာဆိုလည်း သဘာဝသယံဇာတကျိန်စာသင့်သလိုမျိုး မငြိမ်းချမ်းမှုတွေ အမျိုးမျိုးဖြစ်နေပါတယ်။ မငြိမ်းချမ်းမှုတွေကနေတစ်ဆင့် မူးယစ်ဆေးဝါးပြဿနာတွေ၊ လူသားအရင်းအမြစ်ဆုံးရှုံးမှုတွေ အမျိုးမျိုးဖြစ်နေတယ်။ ဒါကြောင့် ဒီကိစ္စရပ်တွေဟာဆိုရင် မုန့်လုံးစက္ကူကပ်သလို တစ်ခုနဲ့တစ်ခု မပြီးမငြိမ်းနိုင်ဘူးဖြစ်နေတယ်။

ဒီသဘာဝသယံဇာတနဲ့ပတ်သက်ပြီးတော့ ဘယ်လိုထိန်းချုပ်ကြမယ်၊ ဘယ်လိုသုံးစွဲကြမယ်၊ ဘယ်လိုခွဲဝေကြမယ်ဆိုတာတွေကို ဆွေးနွေးခဲ့ကြပါတယ်။ ခွဲဝေတာမညီမျှခဲ့လို့လည်း ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခတွေဖြစ်ပွားနေရတာဖြစ်တယ်။ ဒါ့ကြောင့် ဒီကဏ္ဍတွေမှာ ဘယ်လိုအာဏာခွဲဝေကြမယ်၊ လုပ်ပိုင်ခွင့်တွေ ဘယ်လိုခွဲဝေကြမယ်၊ အကျိုးအမြတ်တွေ ဘယ်လိုခွဲဝေကြမယ်ဆိုတာကို အခမ်းအနားကိုတက်ရောက်ကြတဲ့ တိုင်းရင်းသားတွေရော၊ ပညာရှင်တွေရော၊ အစိုးရဘက်ကရော၊ လွှတ်တော်ဘက်ကရော အားလုံးက ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြသွားတာပါ။ ဒီညီလာခံကနေပြီးတော့လည်း ရရှိတဲ့အချက်အလက်တွေကို နောက်အစိုးရလက်ထက်မှာ တင်ပြသွားမှာပါ။

### ဦးပါစီပြည်ဟိန်း (စေ့စပ်ညှိနှိုင်းရေးနှင့်တည်ငြိမ်အေးချမ်းရေးပါတီဥက္ကဋ္ဌ)

ဒီငါးရက်တာလေးက ဘာတွေထူးခြားမှုရှိလဲဆိုရင် တစ်ယောက်နဲ့တစ်ယောက် အမြင်မတူဘူးဆိုပေမယ့် တပ်မတော်ကိုယ်စားလှယ်အစုအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့၊ အစိုးရအစုအဖွဲ့နဲ့ NLDပါတီရဲ့ သဘောထားတွေကတော့ နိုင်ငံရေးကဏ္ဍမှာ တစ်ထပ်တည်းကျနေတာကိုတွေ့ရပါတယ်။ တပ်မတော်ဘက်ကလည်း ပြည်ထောင်စုစနစ်ကိုကြိုက်တယ်။ ၂၀၀၈ ဖွဲ့စည်းပုံမှာပါတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ခုနစ်ခုကိုလည်း သဘောကျနေပါတယ်။ နောက်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနဲ့ပတ်သက်ပြီးတော့လည်း ဆွေးနွေးသွားတာ အားရကျေနပ်မှုရသလို အားရကျေနပ်မှုမရှိတာတွေလည်းရှိပါတယ်။

နောက်ပြီး ပါတီတော်တော်များများနဲ့ အစိုးရအစုအဖွဲ့နဲ့လည်း စိတ်တူကိုယ်တူဖြစ်တာတွေ့ရပါတယ်။ ဖက်ဒရယ်မှာကြည့်မယ်ဆိုရင်လည်း ပြည်နယ်ခုနစ်ခုနဲ့ တိုင်းဒေသကြီး ခုနစ်ခု ဒီလိုပဲနေကြပြီးတော့ လူ့အခွင့်အရေးကိုတန်းတူပေးလိုက်ရင်ကောင်းသွားမှာပါ။ ဒါ့အပြင် ၂၀၀၈ ဖွဲ့စည်းပုံနည်းနည်းပြင်လိုက်မယ်ဆိုရင် အလွန်အားကောင်းတဲ့ တိုင်းရင်းသားတွေလိုချင်တဲ့ ဖက်ဒရယ်ပုံစံမျိုးလည်း ဖြစ်ထားပြီးပြီဆိုတော့ အဆင်ပြေမယ်လို့ထင်ပါတယ်။ တချို့ပါတီတွေရဲ့သဘောထားအမြင်ကတော့ ဖက်ဒရယ်လုံးဝခွဲထွက်သွားမယ့်ပုံမျိုးကို သိပ်မကြိုက်ချင်ကြပါဘူး။ ရှစ်ပြည်နယ်လည်းမလိုချင်ဘူး။ လူမျိုးစုတွေခွဲထွက်မှာကိုလည်းသိပ်မကြိုက်ချင်ကြပါဘူး။ ဒါ့ကြောင့် အကောင်းဆုံးကတော့ ပြည်ထောင်စုစနစ်ပုံစံသွားပြီး အားလုံးတစုတဝေးတည်းနေတာက ပိုပြီးအဆင်ပြေမယ်လို့ထင်ပါတယ်။ အမှန်တကယ်တော့ ဖက်ဒရယ်ဆိုတာ အာဏာခွဲဝေခြင်းပါပဲ။ အာဏာတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီး ခွဲဝေကျင့်သုံးမယ်။ ဗဟိုအစိုးရကလည်း လျှော့သင့်တဲ့အပိုင်းတွေကိုလျှော့မယ်။ ပြည်နယ်တွေကလည်း ရသင့်တဲ့အပိုင်းတွေကိုရမယ်။ အာဏာတွေကို ကျွမ်းကျင်စွာ သုံးနိုင်မယ်ဆိုရင် အားလုံးအေးအတူပူအမျှ ဖြစ်သွားပါလိမ့်မယ်။

### ဦးအောင်မျိုးခိုင်(မြန်မာနိုင်ငံတောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီဥက္ကဋ္ဌ)

တစ်နိုင်ငံလုံးရဲ့လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့ အဖွဲ့အစည်းပေါင်းစုံက ညီညီညွတ်ညွတ်နဲ့ ပူးပေါင်းဆောင်ရွက်ကြတာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအစစ်အမှန်ကိုရဖို့ ဒီငြိမ်းချမ်းရေးဆွေးနွေးပွဲတွေကနေတစ်ဆင့် နိုင်ငံရေးဆိုင်ရာသဘောတူညီမှုတွေ၊ ယုံကြည်မှုတွေ ဖော်ဆောင်ဖို့ ဖြစ်တယ်။ အားလုံးလိုလားတဲ့ဦးတည်ချက်ရည်မှန်းချက်တစ်ခုက ညီညွတ်တဲ့ဖက်ဒရယ်ပြည်ထောင်စုကြီးကိုတည်ဆောက်မယ်ဆိုတာ ဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးရရှိနိုင်မယ့် အဓိကအကြောင်းအရင်းဖြစ်တယ်လို့ ကျွန်တော်တို့မြင်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုကို ဘယ်လိုတည်ဆောက်ကြမလဲဆိုတဲ့ ခေါင်းစဉ်အပေါ်မှာ ဆွေးနွေးတဲ့အခါ အများစုရဲ့တင်ပြချက်အရ လူမျိုးစုအပေါ်မှာ၊ လူမျိုးရေးအပေါ်မှာအခြေခံတဲ့ ဖက်ဒရယ်ကိုတည်ဆောက်ဖို့ တင်ပြနေကြတာအများဆုံးတွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ များပြားလှတဲ့ လူမျိုးစုတွေရှိတဲ့အတွက် လူမျိုးစုအုပ်စုတွေအပေါ်မှာ အခြေခံတဲ့စနစ်ကို သွားတဲ့အခါမှာ ပြင်ဆင်ထားဖို့၊ အဆင်သင့်ဖြစ်ထားဖို့ အများကြီးလိုအပ်ပါတယ်။ လူမျိုးစုအပေါ်မှာအခြေခံတဲ့ ဖက်ဒရယ်ကိုသွားမယ်ဆိုရင် ပြင်ဆင်ရမယ့်ရှုပ်ထွေးမှုတွေဟာ အများကြီးလိုပါတယ်။

ဒီညီလာခံကြီးကိုတက်ရောက်လာတဲ့ အစုအဖွဲ့အားလုံးရဲ့ ခေါင်းဆောင်အားလုံးရဲ့ Mindset ဟာ သန်း ၅၀ ကျော်တဲ့ ပြည်သူကိုအခြေခံလာတဲ့ Mindset ဖြစ်ဖို့လိုပါတယ်။ သက်ဆိုင်တဲ့အစုအဖွဲ့အတွက်ပဲ စဉ်းစားလာမယ်၊ နှလုံးသားထဲထည့်လာမယ်ဆိုရင် ညှိနှိုင်းဆွေးနွေးမှုဟာ အများကြီးကြန့်ကြာပြီး ခက်ခဲမှာပါ။ ဖြစ်ရမှာက ဒီညီလာခံကို တက်ရောက်လာတဲ့ ကိုယ်စားလှယ်အားလုံးရဲ့ နှလုံးသားထဲမှာ ပြည်သူသန်း ၅၀ ကျော်လုံးအတွက်ဆိုတဲ့ Mindset ကို နှလုံးသွင်းလာဖို့လိုပါတယ်။ တစ်နိုင်ငံလုံးက ပြည်သူတွေကလည်း လူမျိုးရေးစိတ်ဓာတ်ပြင်းထန်မှုကို အခြေခံမယ့်အစား စည်းလုံးညီညွတ်တဲ့ နိုင်ငံသားစိတ်ဓာတ်ကို စတင်ပျိုးထောင်နိုင်ဖို့အတွက် လိုအပ်ပါတယ်။ ပြည်သူကို ဖက်ဒရယ်နဲ့ကိုက်ညီတဲ့အတွေးအမြင်၊ ကျင့်ဝတ်တွေ၊ စိတ်ဓာတ်တွေ၊ ပညာရေးတွေ ဒါတွေကိုမြှင့်တင်ပေးတဲ့ အလုပ်မျိုးကို ညီလာခံကျင်းပတဲ့အချိန်နဲ့ တစ်ပြိုင်နက်လုပ်ဆောင်ပေးခြင်းဖြင့် ဖက်ဒရယ်နဲ့ပတ်သက်တဲ့မူတွေကို ညှိနှိုင်းဆွေးနွေးချမှတ်ပြီးတာနဲ့ ဒီဖက်ဒရယ်ကို ကျင့်သုံးဖို့ တိုင်းရင်းသားပြည်သူအားလုံးက အဆင်သင့်ဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ညီအစ်ကိုတွေရဲ့ အချိန်အတော်ကြာပျောက်ဆုံးနေတဲ့ ချစ်ကြည်ရင်းနှီးမှုဟာ ဒီညီလာခံကြီးမှာ ပြန်လည်တွေ့ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူစရာပဲဖြစ်ပါတယ်။

### ဒေါ်အိန်ဂျလာသောင်း (ကယန်းအမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်)

ဒီညီလာခံကြီးကျင်းပတာကို အင်မတန်သဘောကျပါတယ်။ ကျွန်မတို့တိုင်းရင်းသားတွေဘက်ကလည်း ဒီလိုညီလာခံမျိုးကိုစောင့်မျှော်နေတာပါ။ ဒီညီလာခံရဲ့ တင်ပြချက်၊ ဆွေးနွေးချက်တွေကို မှတ်တမ်းတင်လေ့လာကြရင်း နောက်အစည်းအဝေးတွေကို ဆက်လက်ပြုလုပ်သွားမယ်လို့ သိရပါတယ်။ နောင်လာမယ့်ညီလာခံတွေကျရင် ဒီထက်ပိုပြီး ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ အစုအဖွဲ့အသီးသီးရဲ့ ရင်တွင်းခံစားချက်တွေကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးခွင့်ရကြတဲ့အတွက် တစ်ဦးကိုယ်တစ်ဦး စာနာနားလည်နိုင်ကြမယ်လို့ထင်ပါတယ်။ အားမရတဲ့အချက်ကတော့ အမျိုးသမီးများပါဝင်ခွင့် အင်အားနည်းပါးနေတာကိုပါ။ တက်ရောက်လာသူစာရင်းအရ ၇၀၀ မှာ ဖိတ်ကြားခံရသူအမျိုးသမီးဦးရေက ရှစ်ရာခိုင်နှုန်းပဲရှိပြီး တက်ရောက်လာသူက ခုနစ်ရာခိုင်နှုန်းပဲရှိတာကိုတွေ့ရတာ အားမရပါဘူး။ နောင်လာမယ့်ညီလာခံတွေကြရင် အစုအဖွဲ့အလိုက် အမျိုးသမီးဦးရေပိုပြီးပါဝင်လာဖို့ မျှော်လင့်ပါတယ်။ NCA စာချုပ်မှာပါဝင်တဲ့ အချက်အတိုင်း အမျိုးသမီးများ ပါဝင်မှု ၃၀ ရာခိုင်နှုန်းရရှိအောင် ကြိုးပမ်းပါမယ်ဆိုတဲ့အတိုင်း ပါဝင်လာဖို့မျှော်လင့်ပါတယ်။

### ဦးရွှေမင်း[လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)ဥက္ကဋ္ဌ]

ဖက်ဒရယ်ဆိုတာက တိုင်းရင်းသားပြည်သူအားလုံးအတွက်အရေးပါတာဖြစ်လို့ ဖက်ဒရယ်ကိုသွားနိုင်ဖို့က ကျွန်တော်တို့တိုင်းပြည်ကြီး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ရှိရမယ်။ နိုင်ငံတော်တိုးတက်ဖို့လည်း အများကြီးအကျိုးပြုလိမ့်မယ်လို့မျှော်လင့်ပါတယ်။ အစုအဖွဲ့အလိုက်တင်ပြလိုတဲ့အချက်တွေကို လွတ်လပ်စွာတင်ပြဆွေးနွေးနိုင်ပေမယ့် အချိန်ကတိုတောင်းတဲ့အတွက် နောင်လာမယ့်ညီလာခံတွေမှာ ပိုပြီးဆွေးနွေးမှုတွေလုပ်နိုင်မယ်လို့မျှော်လင့်ပါတယ်။ ဒီငြိမ်းချမ်းရေးညီလာခံကနေ ဆက်လက်ပြီးတော့ ဖွံ့ဖြိုးတိုးတက်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးဖြစ်ပေါ်မှာပါ။ တိုင်းရင်းသားအားလုံးချစ်ချစ်ခင်ခင်နဲ့ တန်းတူရည်တူရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ထောင်နိုင်ပြီး တိုးတက်မှုတွေရရှိမယ်လို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ ဒီအစည်းအဝေးကနေ ပြန်သွားရင် မျိုးဆက်သစ်လူငယ်တွေကို ဖက်ဒရယ်နဲ့ပတ်သက်တဲ့ အချက်တွေကို လက်ဆင့်ကမ်းချပြသွားမယ့် ရည်ရွယ်ချက်တွေရရှိခဲ့ပါတယ်။

မြန်မာနိုင်ငံရှိ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းခန့် နေထိုင်လျက်ရှိသောဒေသများသည် ပဋိပက္ခဖြစ်ပွားရာဒေသများ (သို့မဟုတ်)ပဋိပက္ခသင့်ဒေသများနှင့်ဆက်စပ်လျက်ရှိသော နေရာများဖြစ်ပြီး အဆိုပါပဋိပက္ခများကိုချုပ်ငြိမ်းရန်အတွက် ပထမဆုံးသောညီလာခံကို ငါးရက်ကြာကျင်းပခဲ့ရာ အဆိုပါ သမိုင်းဝင် သမိုင်းတွင်မည့် ညီလာခံကြီးမှသည် ငြိမ်းချမ်းသောပြည်ထောင်စုကြီးဆီသို့ ဦးတည်လျှောက်လှမ်းနိုင်မည့် ခြေလှမ်းသစ်တစ်ရပ်ပင် ဖြစ်ပါကြောင်း။ ။

သတင်းနှင့်ဓာတ်ပုံ - နိုင်လင်းကြည်၊ အေးအေးမြင့်၊ မေသကြိန်



# တစ်နှစ်တာမော်ဒယ်ဆုကို ရရှိခဲ့တဲ့ ဆိုးဟွန်

တောင်ကိုရီးယားအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် "AOA" မှ အဖွဲ့ဝင်တစ်ဦးဖြစ်သော ဆိုးဟွန်သည် တောင်ကိုရီးယားရုပ်သံလိုင်းတစ်ခုဖြစ်သည့် TV FCမှပေးအပ်သည့် တစ်နှစ်တာမော်ဒယ်ဆုကို သိမ်းပိုက်နိုင်ခဲ့ကြောင်း အမ်ဝေ့ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

အဆိုပါ TV FC၏ ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက်က ဆိုးလ်မြို့တော်ခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဆိုးဟွန်သည် အဝတ်အစားများ၊ အသုံးအဆောင်များ၊ လက်ဝတ်ရတနာများ၊ အားကစားပစ္စည်းများ၊ အမျိုးသမီးအသုံးအဆောင်များ၊ အလှပြင်ပစ္စည်းများနှင့် စားသောက်ကုန်စသည့် ပစ္စည်းများ၏ အမှတ်တံဆိပ်များစွာအတွက် ပင်တိုင်မော်ဒယ်ဖြစ်ခဲ့သည်။ ထို့ပြင် ဆိုးဟွန်သည် မိုဘိုင်းပစ္စည်းများထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုနှင့်လည်း စာချုပ်ချုပ်ဆိုခဲ့သည်။ ထို့ပြင်သူသည် နိုင်ငံကိုယ်စားပြုမော်ဒယ်တစ်ဦးအနေဖြင့် ၂၀၁၆-၂၀၁၈ တောင်ကိုရီးယားခရီးသွားနှစ်အတွက်လည်း သံတမန်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ယခင်က အဆိုပါဆုကို ရရှိခဲ့သည့် တောင်ကိုရီးယားအနုပညာရှင်များမှာ ဂျန်ဂျီဟွန်း၊ ကင်မ်တေဟီး၊ ကင်မ်ယူန၊ ရှင်မင်အတို့ ဖြစ်ကြသည်။

ဆိုးဟွန်သည် ဂီတလောကတွင်အောင်မြင်သူတစ်ဦးဖြစ်သည်သာမက ဒရမ်မာနှင့် ရုပ်ရှင်များတွင်လည်းအောင်မြင်သည့် သရုပ်ဆောင်တစ်ဦးဖြစ်သည်။ ဒါရိုက်တာ ဝန်ရှင်ယွန်ရိုက်ကူးခဲ့သည့် "A Murderer's Guide to Memorization" ရုပ်ရှင်တွင်လည်း "အွန်ဟီး"အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။

# ၂၀၁၆အော်စကာဆုလျာထားစာရင်းမှာ နေရာအများဆုံးရရှိနေတဲ့ ရုပ်ရှင်များ

လာမယ့် (၈၈)ကြိမ်မြောက် အော်စကာဆုပေးပွဲကြီးအတွက် ဆုလျာထား စာရင်းတွေထွက်လာချိန်မှာတော့ "The Revenant"၊ "Mad Max: Fury Road"နဲ့ "The Martian" ရုပ်ရှင်ဇာတ်ကားတွေက ဆုအမျိုးအစား အတော်များများအတွက် အမည်စာရင်တင်သွင်းခြင်းခံထားရတာကိုတွေ့ရပါတယ်။




ပြီးခဲ့တဲ့ ရွှေကမ္ဘာလုံးဆုပေးပွဲကြီးမှာလည်း နာမည်ကျော်ခဲ့တဲ့ရုပ်ရှင်တစ်ခုဖြစ်တဲ့ "The Revenant"ဟာ ယခုအော်စကာဆုပေးပွဲမှာလည်း ဆုအမျိုးအစား ၁၂ ခုအတွက် ထင်ကြေးပေးခံထားရပါတယ်။ "Mad Max: Fury Road" ကတော့ အော်စကာဆုအမျိုးအစား ၁၀ ခုအတွက် စာရင်းဝင်ထားကာ "The Martian"ကတော့ ဆုပေါင်း ခုနစ်ဆုအတွက် အမည်စာရင်းတင်သွင်းခြင်းခံထားရကြောင်း အေ့စ်ရှီးဘေ့စ်ဒေ့ါကွန်းမှာ ဖော်ပြခဲ့ပါတယ်။

အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုအတွက် "The Revenant" ရုပ်ရှင်ဖြင့် မင်းသားလီယိုနာဒိုဒီကာပရီယိုက ထိပ်ဆုံးမှဦးဆောင်နေပြီး သူနဲ့အပြိုင်လိုက်နေသူကတော့ "The Martian" ရုပ်ရှင်ရဲ့မင်းသား မက်ဒေးမွန်ပါ။ သူတို့နှစ်ဦးစလုံးဟာ ရွှေကမ္ဘာလုံးဆုပေးပွဲမှာ ဆုအသီးသီးရရှိခဲ့သူတွေပါ။

အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုအတွက် မင်းသမီးဂျနီဖာလောရန့်စ်က "Joy"ရုပ်ရှင်ဖြင့်လည်းကောင်း၊ "45 Years"ရုပ်ရှင်ဖြင့် ရှားလော့ထ်ရမ်းဘလင်းက လည်းကောင်း ဆုလျာထားစာရင်းမှာ အသီးသီးဖော်ပြခြင်းခံထားရပါတယ်။

ယခုနှစ် အော်စကာဆုပေးပွဲကို လာမယ့်ဖေဖော်ဝါရီ ၂၈ ရက်မှာ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ဟောလိဝုဒ်ရှိ ဒေါ်ဘီသီရေတာ၌ ကျင်းပသွားမှာဖြစ်ပါတယ်။

**အေးပြည့်-စုစည်းသည်**

# ခင်ပွန်းဖြစ်သူသေဆုံးမှုကြောင့် ဖျော်ဖြေပွဲတွေကိုဖျက်လိုက်တဲ့ စလင်းဒီယွန်

အဆိုတော်စလင်းဒီယွန်က ဇန်နဝါရီ ၁၄ရက်မှာ သူ့ရဲ့ခင်ပွန်းရီနေးလ်အန်ဂျလီသေဆုံးသွားခဲ့တာကြောင့် ခင်ပွန်းဖြစ်သူအတွက် ပူဆွေးသောကတွေ ခံစားနေရပြီး လတ်တလောမှာ ပရိသတ်ကိုတွေ့ဆုံဖျော်ဖြေသွားရန် အဆင်မပြေသေးတဲ့အတွက် သူ့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲတွေကို ဖျက်သိမ်းလိုက်ကြောင်း သူ့ရဲ့ဖေ့စ်ဘွတ်ခ် စာမျက်နှာပေါ်ကနေတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပါတယ်။

စလင်းဒီယွန်ဟာ ဇန်နဝါရီ ၁၆ ရက် နဲ့ ၁၇ရက်တွေမှာ ဆီဇာနန်းတော်ရဲ့ ကိုလိုစီယမ်မှာ ကျင်းပဖို့စီစဉ်ထားခဲ့တဲ့ သူ့ရဲ့ဖျော်ဖြေပွဲနှစ်ခုကို ဖျက်ခဲ့တာဖြစ်ပါတယ်။

ရီနေးလ်အန်ဂျလီဟာ လည်ချောင်းကင်ဆာကြောင့် ဆုံးပါးသွားခဲ့တာဖြစ်ပြီး သူကွယ်လွန်ချိန်မှာ အသက်(၇၃)နှစ်ရှိပြီဖြစ်ပါတယ်။ စလင်းဒီယွန်ကတော့ အသက်(၄၇)နှစ်သာရှိသေးတာမို့ သူတို့နှစ်ဦးဟာ အသက်အရွယ်အားဖြင့် အတော်ကွာတဲ့ဇနီးမောင်နှံနှစ်ဦးပါ။ ဒါပေမယ့် သူတို့နှစ်ဦးရဲ့ အိမ်ထောင်ရေးဟာ ဟောလိဝုဒ်ရဲ့ စံထားလောက်တဲ့စုံတွဲတွေထဲမှာ တစ်တွဲအပါအဝင်ဖြစ်ခဲ့ပါတယ်။ ၁၉၉၄ခုနှစ်က စတင်လက်ထပ်ခဲ့တဲ့ သူတို့နှစ်ဦးဟာ ပြီးခဲ့တဲ့လအတွင်းက (၂၁)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ကို ကျင်းပခဲ့ကြပါသေးတယ်။

စလင်းဒီယွန်က ခင်ပွန်းဖြစ်သူရဲ့ ဆန္ဒအတိုင်း သူ့ရဲ့အသုဘအခမ်းအနားကို သူတို့နှစ်ဦးလက်ထပ်ခဲ့ကြတဲ့ ဘုရားကျောင်းမှာပဲ ပြုလုပ်သွားမှာဖြစ်ကြောင်း သူ့ရဲ့ဖေ့စ်ဘွတ်ခ် စာမျက်နှာပေါ်မှာပဲ ဖော်ပြခဲ့ပါတယ်။

"My Heart Will Go On"တေးသီချင်းအဆိုတော် စလင်းဒီယွန်





အတွက် ယခုရက် ... ပိုင်းမှာ ဝမ်းနည်းမှုတွေကဆက်တိုက် ... ဆိုသလိုဖြစ်ပေါ်လာခဲ့ရပါတယ်။ ... ခင်ပွန်းဖြစ်သူကွယ်လွန်ခဲ့ချိန်မှာပဲ ... သူ့ရဲ့ အစ်ကိုဖြစ်သူ ဒန်နီရယ်လ်ဒီယွန်ဟာလည်း ... လည်ချောင်း၊ လျှာနဲ့ ဦးနှောက်ကင်ဆာ ရောဂါတွေနဲ့ မွန်ထရီရယ်လ်ဆေးရုံမှာ တက်ရောက်နေရပြီး သူ့အတွက်အသက်ရှင်သန်ချိန် သိပ်မကျန်ရှိတော့ဘူးလို့ သိရပါတယ်။

# ရုပ်မြင်သံကြားအစီအစဉ်များ

[၁၇ - ၁ -၂၀၁၆ (တနင်္ဂနွေနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
၆း၁၅ မင်းကွန်းဆရာတော်ကြီး၏ အရုပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၇း၃၅ Business NEWS
၈း၃၅ အောင်မြင်သူနှင့်အတူ (Miss Myanmar ၂၀၁၅-အိမ့်မြတ်ချယ်)
၉း၃၅ အနုပညာသတင်းအစီအစဉ်
၁၁း၃၅ ချစ်သော၍ကမ္ဘာမြေ
၁၂း၅၀ "လူမှန်နေရာမှန်" (အပိုင်း-၄)
၁း၁၀ ဆေးရောင်စုံရုပ်ရှင် "ကာရံအလွဲ" (ဒွေး၊ ဇာဂနာ၊ စိုးမြတ်သူဇာ၊ နန္ဒာလှိုင်)(ဒါရိုက်တာ- ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
၃း၃၅ Business NEWS
၅း၃၅ ပြည်သူတို့ရဲ့စကားသံများ
၆း၃၅ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၇း၁၅ ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "ချမ်းငြိမ်းမေတ္တာ" (ဒုတိယပိုင်း) (ထက်နေချမ်း၊ ဘလိတ်၊ ကိုရှမ်း၊ ငြိမ်းဖြူ၊ ချိုတေးလွင်လွင်) (ဒါရိုက်တာ-သီတာလင်း -Laurel Art Academy)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
- Tasty Trip(မကွေးတိုင်း၊ စေတ္တုတရာ၊ ပွင့်တောက်ရွာ)
- ဆိုကြမယ်၊ပျော်ကြမယ်

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-ဝတ်မှုံတေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၂)
၆း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "သား" (ရဲတိုက်၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-အောင်ဗပါဝါ)
၇း၄၅ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ)
၈း၀၀ "စက္ကောမရဲ့မျက်လှည့်"
၈း၂၅ ဆိုကြမယ်၊ ပျော်ကြမယ်
၉း၄၀ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) "ပြုံးပြုံးပျော်ပျော်ထော်လော်ကန့်လန့်" (ရဲအောင်၊ နေမျိုးအောင်၊ ဟိန်းဝေယံ၊ မေသန်းနု၊ ထွန်းအိန္ဒြာဗို၊ မေသဥ္ဇာဦး၊ မြတ်ကေသီအောင်၊ အေးမြတ်သူ) (ဒါရိုက်တာ-ဇဗ္ဗူထွန်းသက်လွင်)
၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## မြဝတီ

၆း၀၃ တရားတော်
၆း၁၅ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှား အားကစား
၆း၃၅ မျိုးချစ်တပ်မတော်
၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
၇း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ အင်္ဂလိပ်စာသုတ
၈း၅၅ မြန်မာပြည်တွင်ထုတ်လုပ်သည်
၁၁း၀၀ English For Myanmar
၁၁း၁၅ Lucky Door
၁၂း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အချိန်လွန်နောင်တ
၁း၁၉ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-မေတ္တာအသချေ (အပိုင်း-၂၇)
၂း၃၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၄း၁၅ မြန်မာသံစဉ်ချိုနားဝင်
၄း၂၅ လျှပ်တစ်ပြက်
၄း၃၅ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၅၅ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၁၅ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၁၀ ဘဝကြေးမုံ
၆း၃၅ လူစွန့်စားခရီးသွားနေသည်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အရာရာထက်မင်း (အပိုင်း-၅၆)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-ပဟေဠိနန်းတော်
-ယနေ့ညအတွက်မြဝတီတေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရာဇဝင်တွင်မည့်နိမိတ်သခင် (အပိုင်း-၃၆)
-တရားတော်

## MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော် + ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၄၀ "နှစ်သစ်အခါမှာ ကျက်သရေရှိအောင်နေထိုင်ပါ"တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ)
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၇၄)
၈း၀၀ Cartoon Series (English Playground)
၈း၃၅ Cartoon View
၈း၅၅ Weekly Sports Diary
၁၀း၀၅ ခေတ်သစ်ပျိုမေ
၁၁း၀၀ အမေ တို့ရဲ့ လက်ရာ
၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို့" (အပိုင်း-၁၃+၁၄)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [ကာမန္တံ(အပိုင်း-၃)]
၃း၄၅ National Seminar on Comprehensive Oncology Healthcare Services in Myanmar
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၇၅)
၇း၁၅ Fashion Wee
၇း၃၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [အဆိပ်ပင် (အပိုင်း-၁)]
၈း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၉၈)
၉း၀၅ Nobel-Myanmar စာပေပွဲတော် ၂၀၁၆ (ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေး)ဖွင့်ပွဲအခမ်းအနား
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အသက်ကလေးရယ်ရှည်စေလို့" (အပိုင်း-၁၅+၁၆)
၁၀း၅၅ MRTV-4 Stage
၁၁း၂၅ World of Knowledge (Ancient X Files : Secrets of the Dark Arts)

တစ်ပတ်အတွင်းအားကစားသတင်းသုံးသပ်ချက်




# တိုက်စစ်မှူးတွေသာ အဓိက ယှဉ်ပြိုင်နေရတဲ့ ဖီဖာဘလွန်းဒီအောဆု ပြိုင်ပွဲစနစ် ပြုပြင်ဖို့ လိုအပ်နေပြီလား



မေလွဲ့သင်း ရေးသားသည်

ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၁ ရက်က ကျင်းပခဲ့တဲ့ ဖီဖာ ဘလွန်းဒီအောဆု ချီးမြှင့်ပွဲမှာ အားလုံးမျှော်မှန်းထားတဲ့ အတိုင်း မက်ဆီကသာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဆန်ခါတင်ကစားသမား သုံးဦးစာရင်း ထုတ်ပြန်ခဲ့တဲ့ အချိန်မှာလည်း တိုက်စစ်ကစားသမားတွေဖြစ်တဲ့ မက်ဆီ၊ နေမာနဲ့ စီရိုနယ်လ်ဒိုတို့သာ ပါဝင်ခဲ့ကြလို့ ဒီဖီဖာဘလွန်း ဒီအောဆုဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားဆုနဲ့မတူဘဲ တိုက်စစ်မှူးတွေသာ ယှဉ်ပြိုင်နေတဲ့ပွဲလို့ ဝေဖန်မှုတွေရှိနေခဲ့ပါတယ်။

သတင်းထောက်တစ်ဦးက အာဆင်နယ်နည်းပြ ဝင်းဂါးကို ဒီနှစ် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ဘယ်သူရမယ်ထင်သလဲလို့ မေးမြန်းခဲ့ရာမှာ ဝင်းဂါးက" ဘလွန်းဒီအောဆုကို ဆန့်ကျင်တဲ့အထဲမှာ ကျွန်တော်ပါပါတယ်။ မက်ဆီပဲရမှာပေါ့။ အသိသာကြီးပဲဟာကို" လို့ပြန်ဖြေခဲ့ပါတယ်။ ဒီ(၁၀)စုနှစ်အတွင်း ဘလွန်းဒီအောဆုရရှိခဲ့တဲ့ ကစားသမားစာရင်းကို ကြည့်ခဲ့ရင် အီတလီနောက်ခံလူကန်နာဗာရိုး (၂၀၀၆)၊ ကာကာ(၂၀၀၇)တို့ပြီးရင် မက်ဆီနဲ့စီရိုနယ်လ်ဒိုတို့ရဲ့ ပြိုင်ပွဲလို့တောင်ပြောလို့ရတဲ့ အနေအထားပါ။ဒီထဲမှာ မက်ဆီက ငါးကြိမ်၊ စီရိုနယ်လ်ဒိုက သုံးကြိမ်ရယူ ထားနိုင်ပြီး ကျန်တဲ့ကစား သမားတွေကတစ်ကြိမ် တစ်ခါမှတောင် ကြားဖြတ် ရယူ နိုင်ခြင်း မရှိတာကို တွေ့ရ မှာဖြစ်ပါတယ်။

ဒီရှစ်နှစ်လုံးမှာ ကမ္ဘာ့ ချန်ပီယံ တစ်ကြိမ်၊ ဥရောပ ချန်ပီယံ နှစ်ကြိမ် ဖြစ်ထား တဲ့ စပိန်လက်ရွေးစင် အသင်းက ကစားသမား တစ်ဦး တစ်ယောက် တောင် ဒီဆုစာရင်းမှာ မပါ ဝင်ခဲ့သလို ပြိုင်ပွဲကြီး တွေမှာ အနည်းဆုံး အကြိုဗိုလ် လုပွဲအဆင့်အထိတက်ရောက်နိုင်လေ့ ရှိတဲ့ ဂျာမနီကစားသမား တစ်ယောက်မှ ဒီဆုကို ဆွတ်ခူးနိုင်ခြင်းမရှိခဲ့တာ အံ့သြဖို့ကောင်းပါ တယ်။ ဒါဟာ ဆုရွေး ချယ်တဲ့ စနစ်ကြောင့်လို့ ယေဘုယျအားဖြင့် သုံးသပ်ရမှာဖြစ်ပါတယ်။

၁၉၅၆ကနေစပြီး ၂၀၀၉ခုနှစ်အထိ ဘလွန်းဒီအောဆုအဖြစ် သီးသန့် ချီးမြှင့် ခဲ့ရာကနေ ၁၉၉၃ခုနှစ်က စတင်ချီးမြှင့်တဲ့ ဖီဖာတစ်နှစ်တာအကောင်း ဆုံးကစားသမားဆုနဲ့ပေါင်းပြီး ဖီဖာဘလွန်းဒီအောဆု အဖြစ် ၂၀၁၀ ခုနှစ်မှာ စပြီး ပြောင်းလဲချီးမြှင့်ခဲ့ပါတယ်။ ဒါကြောင့် ဆုချီးမြှင့်တဲ့ စနစ်လည်း ပြောင်းလဲသွားပြီး အရင်က မဲပေးခွင့်ရတဲ့ ဖီဖာအဖွဲ့ဝင်နိုင်ငံတွေရဲ့ နိုင်ငံ့လက်ရွေးစင် အသင်းခေါင်းဆောင်တွေ၊ နည်းပြတွေအပြင် အားကစားလောကမှာ ကျင်လည်နေတဲ့ ထင်ရှားတဲ့ ဂျာနယ်လစ်တွေရဲ့ ရွေးချယ်မှုပါ ပါဝင်လာပါတယ်။

အရင်က ကမ္ဘာ့အကောင်းဆုံးကစားဆုအနေနဲ့ သီးသန့်ချီးမြှင့်စဉ်မှာ ကမ္ဘာ့ဖလားမှာ ခြေစွမ်းပြတဲ့ ကစားသမားတွေက ဒီလို တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို သိမ်းပိုက်နိုင်လေ့ရှိပါတယ်။ ဒါကို အနီးဆုံးဥပမာပေးရရင် ၁၉၉၄ ကမ္ဘာ့ဖလားမှာ တိုက်စစ်မှူး ရိုမာရီယို၊ ပြင်သစ်မှ ဇီနက်ဒင်ဇီဒန်း(၁၉၉၈)၊ ဘရာဇီး တိုက်စစ်မှူး ရိုနယ်လ်ဒို(၂၀၀၂)နဲ့ ကန်နာဗာရိုး(၂၀၀၆)တို့ဖြစ်ပါတယ်။ ဒါပေမယ့် အခု ၂၀၁၀ကနေစပြီး ဖီဖာဘလွန်းဒီအောဆုအဖြစ် ပြောင်းလဲချီးမြှင့်ခဲ့ရာမှာ ကလပ်အသင်းမှာ ခြေစွမ်းပြနိုင်တဲ့ မက်ဆီ၊ စီရိုနယ်လ်ဒိုတို့ပဲ ဒီဆုကိုရရှိနေပြီး ကမ္ဘာ့ချန်ပီယံနဲ့ ဥရောပချန်ပီယံ စပိန်၊ ဂျာမနီတို့မှ ကစားသမားတွေဟာ အလွန်ဆုံးအဆင့်အဖြစ် ဆန်ခါတင် သုံးဦးစာရင်းဝင်ကြပေမယ့် တစ်ကြိမ် တစ်ခါမှတောင် ကမ္ဘာ့အကောင်းဆုံး ကစားသမားအဖြစ် ရွေးချယ်ခြင်းမခံခဲ့ရပါဘူး။

ဒါကို ဘိုင်ယန်အသင်းခေါင်းဆောင် ဖိလစ်လမ်းက အခုဖီဖာဘလွန်း ဒီအောဆုရဲ့ အဓိပ္ပာယ်က ထင်သာမြင်သာရှိတဲ့ ကစားသမားတွေကိုသာ ချီးမြှင့်တဲ့ဆုလိုဖြစ်နေပြီး ကစားသမားတစ်ယောက်ဟာ တစ်ရာသီဂိုးဘယ်လောက်သွင်းပြီး ဖလားဘယ်နှလုံးရလဲဆိုတာအပေါ် မူတည်နေတယ်လို့ ဝေဖန်နေခဲ့ပါတယ်။ ဒါ့အပြင် လမ်းက သူဟာ ကမ္ဘာ့အကောင်းဆုံးကစားသမား အဖြစ် သူ့ကိုယ်သူ ငါးကြိမ်တိုင်တိုင်မဲပေးခဲ့ပြီး ၂၀၀၆ခုနှစ်နောက်ပိုင်း သူတို့လို နောက်တန်းလူတွေက ဒီလိုဆန်ခါတင်သုံးဦးစာရင်းတောင် မဝင်ရောက်နိုင်တာက သူပြောတာမှန်ကန်တယ်ဆိုတာ သက်သေပဲလို့ ဆိုပါတယ်။မှန်ပါတယ်။ မာသီးယပ်စ်(၁၉၉၁) နောက်ပိုင်း ကွင်းလယ်ကစားသမား ဇီဒန်းသာ ကမ္ဘာ့အကောင်းဆုံးကစားသမားအဖြစ် သုံးကြိမ်အောင်ပွဲခံနိုင်ခဲ့ပြီး ကျန်တဲ့ဆုရရှိသူတွေဟာ တိုက်စစ်မှူး တွေသာ ဖြစ်နေတာကလည်း ရွေးချယ်တဲ့သူတွေက သွင်းဂိုးတွေအပေါ် မူတည်ပြီးရွေးချယ်တယ်ဆိုတာ ထင်ရှားပါတယ်။

ဒီလိုဆိုရင် ဂုဏ်သိက္ခာမြင့်မားတဲ့ ဘလွန်း ဒီအောဆုရရှိသူတွေဟာ တိုက်စစ်မှူးတွေသာ ဖြစ်လာမယ့် အနေအထားရှိနေပါတယ်။ အရင်တုန်းကမှ ဆန်ခါတင်ဆုစာရင်းမှာ ကွင်းလယ်လူ(ဇာဗီ၊ အင်နီယေစတာ)၊ ဂိုးသမား (အိုလီဗာခန်း၊ မန်နျူရယ်နျူအာ)တို့ ပါဝင်ခဲ့ပေမယ့် ဒီနှစ်မှာတော့ ဆန်ခါတင်စာရင်းမှာ ပါဝင်သူတွေအားလုံးဟာ တိုက်စစ်မှူးတွေ ဖြစ်နေတာကြောင့် ပိုပြီးဝေဖန်စရာ ဖြစ်လာတာပါ။ မက်ဆီ၊ စီရိုနယ်လ်ဒိုရဲ့ တစ်ဦးချင်းခြေစွမ်းက ပြောစရာမရှိပေမယ့် နေမာ ထက်ဆိုရင် ပုံမှန်ခြေစွမ်းပြနိုင်တဲ့ ကွင်းလယ်လူ(ဒါမှမဟုတ်) နောက်ခံကစားသမားတွေကို ဆန်ခါတင်စာရင်းမှာ ပါဝင်နိုင်ဖို့ လျစ်လျူရှုခဲ့တာကြောင့် အခုလိုဝေဖန်သံတွေပိုပြီး ကျယ်လောင်လာ ခဲ့ရတာဖြစ်ပါတယ်။

အခုဆို ဖီဖာနဲ့ ယူအီးအက်ဖ်အေ (ဥရောပဘောလုံးအဖွဲ့ချုပ်)မှာ ခြစားမှုတွေကြောင့် သက်ဆိုင်ရာဥက္ကဋ္ဌ နှစ်ဦးကို ဘောလုံးလောကနဲ့ ရှစ်နှစ်တာ မပတ်သက်ရဘူးဆိုတဲ့ ပြစ်ဒဏ်တွေချမှတ်ပြီးပါပြီ။

ဘလွန်းဒီအောဆုက ဒီကိစ္စ ရပ်တွေနဲ့ တိုက်ရိုက်မသက်ဆိုင်ပေမယ့် လည်း ပရိသတ်ကြား ရေပန်းစားပြီး ဈေးကွက်အားကောင်းတဲ့ ကစား သမားကို ရွေးချယ်တဲ့ပုံစံ ဖြစ်နေတာကြောင့် ပြန်ပြီး သုံးသပ်ဖို့ လိုအပ်နေပါပြီ။ ဒါ့ကြောင့် စနစ်တစ်ခုကို အသေဖမ်းဆုပ် မထားဘဲ ပြုပြင်စရာရှိတာကို ပြန် သုံးသပ်ပြီး ပြင်ဆင်ရင်းနဲ့ ပရိသတ် အကြိုက်ချည်း မလိုက်ဘဲ မျှမျှတတရွေးချယ် သင့်ပါတယ်လို့ အကြံပြု ရင်း. . . .။

## ၁၀ နှစ်အတွင်း ဘလွန်းဒီအောဆု ရရှိသူများစာရင်း

| ခုနှစ် | ကစားသမားအမည် | ကလပ်အသင်း | နိုင်ငံသား |
|---|---|---|---|
| ၂၀၁၅ | လီယွန်နယ်မက်ဆီ | ဘာစီလိုနာ | အာဂျင်တီးနား |
| ၂၀၁၄ | ခရစ္စတီယာနိုရိုနယ်လ်ဒို | ရီးယဲလ်မက်ဒရစ် | ပေါ်တူဂီ |
| ၂၀၁၃ | ခရစ္စတီယာနိုရိုနယ်လ်ဒို | ရီးယဲလ်မက်ဒရစ် | ပေါ်တူဂီ |
| ၂၀၁၂ | လီယွန်နယ်မက်ဆီ | ဘာစီလိုနာ | အာဂျင်တီးနား |
| ၂၀၁၁ | လီယွန်နယ်မက်ဆီ | ဘာစီလိုနာ | အာဂျင်တီးနား |
| ၂၀၁၀ | လီယွန်နယ်မက်ဆီ | ဘာစီလိုနာ | အာဂျင်တီးနား |
| ၂၀၀၉ | လီယွန်နယ်မက်ဆီ | ဘာစီလိုနာ | အာဂျင်တီးနား |
| ၂၀၀၈ | ခရစ္စတီယာနိုရိုနယ်လ်ဒို | မန်ယူ | ပေါ်တူဂီ |
| ၂၀၀၇ | ကာကာ | အေစီမီလန် | ဘရာဇီး |
| ၂၀၀၆ | ကန်နာဗာရိုး | ရီးယဲလ်/ ဂျူဗင်တပ် | အီတလီ |

# ပဲခူးမြို့ ဥသျှောမြို့သစ် ဈေးသစ်တည်ဆောက်နေမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ပဲခူး ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီခွဲက လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး ခင်မောင်ဌေး၊ စည်ပင်သာယာရေး ဝန်ကြီး ဦးရဲမြင့်ထွန်း၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးတိုးဝင်းနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ များ၊ ပဲခူးခရိုင် ပဲခူးမြို့နယ် အုပ်ချုပ်ရေး မှူးတို့နှင့်အတူ ပဲခူးမြို့ ဥသျှောမြို့သစ် (၇/၃)၌ ဈေးသစ်တည်ဆောက်နေမှု အား ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား တိုင်းဒေသကြီး စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ဈေးသစ် တည် ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေ မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က ဈေးအတွင်း လုံခြုံမှု ရှိစေရန်အတွက် လုံခြုံရေးစနစ်အား ဆောင်ရွက်ထားရှိရန်၊ ပျံကျဈေးဆိုင် ခန်းများတွင် ဈေးရောင်းချကြမည့် သူများ စနစ်တကျရှိစေရေးအတွက် မှတ်ပုံတင်ထားရှိရန်၊ ဈေးအတွင်း အမြဲသန့်ရှင်းအောင်ဆောင်ရွက်ထား ရှိရန်၊ အသားတန်း၊ ငါးတန်းများတွင် ယင်ကောင်များ ဝင်ရောက်မှု မရှိစေ ရေးအတွက် သံဆန်ခါများ တပ်ဆင် ပေးထားရန်တို့ကိုမှာကြားပြီး ဈေးသစ် တည်ဆောက်နေမှုအား လှည့်လည် ကြည့်ရှုကြသည်။

ဥသျှောမြို့သစ် ဈေးသစ်တည် ဆောက်ခြင်းအား ပဲခူးတိုင်းဒေသ ကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၈၂၉၀၁၀ သိန်းဖြင့် (ပေ ၁၀၀×ပေ ၃၀ ×၁၄ပေ ၆ လက်မ) ဆိုင်ခန်း ၁၁ ခန်းတွဲပါ အဆောက်အအုံ လေးလုံး၊ (ပေ၇၀×ပေ၃၀×၁၄ပေ ၆ လက်မ) ဆိုင်ခန်း ခုနစ်ခန်းပါ အဆောက် အအုံလေးလုံး၊ (ပေ ၁၀၀×၂၅ပေ×၁၂ ပေ ၆ လက်မ) ဈေးအတွင်းအုတ်ခုံပါ ဈေးရုံအဆောက်အအုံ သုံးလုံး၊ (၁၀ပေ×၈ပေ×၈ပေ) ရေစက်ရုံ တစ် လုံး၊ ဂါလန် ၅၀၀ဆံ့ ရေအုတ်ကန် တစ်ကန်၊ (၁၆ပေ×၅ပေ×၈ပေ) လေးခန်းတွဲ သန့်စင်ခန်း နှစ်လုံး၊ ဂါလန် ၂၇၀၀ဆံ့ ကွန်ကရစ်ရေစင် တစ်ခု၊ (ပေ ၂၀×၁၄ပေ×၁၂ပေ) ဈေးခေါင်းရုံး အဆောက်အအုံ တစ်လုံး ဈေးအပြင်ဘက်လမ်း၊ အတွင်းလမ်း၊ အတွင်းလမ်းသွယ်၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ နှင့်အတူ (၆လက်မ×ပေ၃၅၀) စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း များ ပါရှိမည်ဖြစ်ပြီး ဖေဖော်ဝါရီ လအတွင်း ပြီးစီးအောင် တည်ဆောက် သွားမည်ဖြစ်သည်။

ဥသျှောမြို့သစ် ဈေးသစ်ကြီးတည် ဆောက်ပြီးစီးသွားပါက ပဲခူးမြို့တွင် ဈေးသုံးဈေးရှိသွားမည်ဖြစ်ပြီး ပဲခူး မြို့ (အနောက်ဘက်ခြမ်း)ရှိ ပြည်သူ များအနေဖြင့် ယင်းဈေးသစ်ကြီး၌ စိတ်ချမ်းသာစွာဖြင့် မိမိဝယ်ယူ ရောင်းချလိုသော ပစ္စည်းများအား ဝယ်ယူရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

(၅၈၈)

❐



# မအူပင်မြို့တွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ရေမြောင်းနှင့် ချောင်းများ တူးဖော်ဆောင်ရွက်

**မအူပင် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မအူပင်မြို့နယ် ရေလဲ လမ်းဆုံထိပ်မှ ရေလဲကလေးကျေးရွာသို့ ဆက်စပ်ထားသည့် ရေမြောင်းများ၊ ချောင်းများ ပိတ်ဆို့မှုမရှိစေရန်နှင့် ရေစီးရေလာကောင်းမွန်ပြီး မြို့အတွင်း မိုးရာသီကာလတွင် ရေနစ်မြုပ်မှုမဖြစ်စေရေးအတွက် ဆင်းရဲနွမ်းပါးမှုလျှော့ ချရေးကော်မတီ ရန်ပုံငွေဖြင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနက မြေတူးစက်များ ဖြင့် ရေမြောင်း၊ ချောင်းများတူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

တူးဖော်သည့် မြေသားများအား မအူပင်၊ ရေလဲကားလမ်းမကြီး၏ ဝဲ/ယာ တွင် လမ်းကြံ့ခိုင်မှုရှိစေရန် မြေသားကပ်ခြင်းလုပ်ငန်းကိုပါ ဆောင်ရွက်လျက်ရှိ ပြီး ချောင်းဘေးရှိ နေအိမ်များအား သွားလာမှုအဆင်ပြေစေရန် လမ်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခင်က နေအိမ်များအနေဖြင့် အိမ်တစ်လုံးလျှင် ဝါးတံတားတစ်စင်းဖြင့် သွား လာရ၍ ကလေးနှင့်သက်ကြီးရွယ်အိုများအတွက် စိုးရိမ်ရပြီး ယခုသွားလာမှု အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**မအူပင်ခရိုင် (ပြန်/ဆက်)**

# ပန်ဝါမြို့နယ်၌ တီဘီရောဂါ အခမဲ့ရှာဖွေကုသပေးနေ

**ပန်ဝါ ဇန်နဝါရီ ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ကျန်းမာရေးဦးစီးဌာနမှ ပြည်နယ်တီဘီ ရောဂါရှာဖွေကုသရေး ဆရာဝန် ဒေါက်တာထက်နိုင်အောင်နှင့် ချီဖွေ မြို့နယ်၊ ကျန်းမာရေးဆရာမကြီး ဒေါ်လွမ်းညွယ်တို့ ဦးဆောင်သော အခမဲ့ နယ်လှည့်တီဘီရောဂါကုသရေး အဖွဲ့တို့သည် ဇန်နဝါရီ ဒုတိယအပတ်က ပန်ဝါမြို့နယ်၊ မြို့တော်ခန်းမ၌ ကျန်းမာရေး ဝန်ထမ်းများ၊ NGO အဖွဲ့ အစည်းများနှင့်ပူးပေါင်း၍ ဒေသခံပြည်သူ များ၊ ကျောင်းသား၊ ကျောင်းသူများအား တီဘီရောဂါ ရှာဖွေကုသခြင်းနှင့် အထွေထွေရောဂါ စမ်းသပ်ခြင်းတို့ကို အခမဲ့ကုသပေးခဲ့သည်။

အဆိုပါ အခမဲ့ကုသခြင်းတွင် တီဘီရောဂါဓာတ်မှန်ရိုက်ကုသသူ ၁၀၃ ဦး၊ အထွေထွေရောဂါစမ်းသပ်ကုသသူ ၄၈ ဦး စုစုပေါင်း ၁၅၁ ဦးတို့အား အခမဲ့ ကုသပေး၍ လိုအပ်သော ဆေးဝါးများ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

❐

# နှစ်ကရင်–အနင်းပင် ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းကျင်းပြီးစီး

**ရေး ဇန်နဝါရီ ၁၆**

မွန်ပြည်နယ် ရေးမြို့နယ် နှစ်ကရင်-အနင်းပင် ကျေးရွာချင်းဆက် ကတ္တရာလမ်းသစ်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် သန်းပေါင်း ၂၁၂ ဒသမ ၄၀သန်းဖြင့် အကုန်အကျခံကာ မြတ်သူရကုမ္ပဏီမှ တာဝန်ယူခင်းကျင်းရာ သတ်မှတ်ထား သောကာလအတွင်း လမ်းပေအရှည် (၂/၀) မိုင်ကို ရာခိုင်နှုန်း ပြည့် ခင်းကျင်းပြီးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း(ရေး)**


## “စက်မှုဝန်ထမ်းဟောင်းများအသင်း” တတိယအကြိမ်အသင်းသားစုံညီအစည်းအဝေး ဖိတ်ကြားလွှာ

စက်မှုဝန်ကြီးဌာန၊ ယခင်အမှတ် (၁)နှင့် (၂)တို့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းဟောင်းများ အပါအဝင် စက်မှုဝန်ထမ်းဟောင်းများအားလုံး၏ ကျန်းမာရေးနှင့် လူမှုရေးကိစ္စရပ်များကို ကူညီဆောင် ရွက်ပေးလျက်ရှိရာ တတိယအကြိမ် အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ထားရှိပါသည်။

ကျင်းပပြုလုပ်မည့်ရက် - ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၂၄ရက် (တနင်္ဂနွေနေ့)
ကျင်းပပြုလုပ်မည့်အချိန် - နံနက် ၉း၀၀နာရီ
ကျင်းပပြုလုပ်မည့်နေရာ - စက်မှုခမ်းမရုံ၊ ရွှေတိဂုံအရှေ့ဘက်မုခ်၊ အာဇာနည်ဗိမာန်လမ်း၊ ရွှေနံ့သာလမ်းသွယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၅၀၈၆

အသင်းဝင်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရပ်နီးရပ်ဝေးဒေသအနှံ့ အပြားမှာရောက်ရှိနေကြသည့် စက်မှုဝန်ထမ်းဟောင်းများအားလုံး တက်ရောက်ပါရန် လှိုက်လှဲစွာဖိတ်ကြား အပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**စက်မှုဝန်ထမ်းဟောင်းများအသင်း**



## “အထူးဂုဏ်ယူဝမ်းမြောက်ခြင်း”

မြန်မာနိုင်ငံဆရာဝန်အသင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အမျိုးသမီးဆရာဝန် အဖွဲ့၏ နာယကကြီး ဒေါက်တာဒေါ်ရီရီလှ (ယုဝတီခင်ဦး)အား ၄-၁-၂၀၁၆ ရက်တွင် နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်းခြင်း အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် “သီရိသုဓမ္မသိင်္ဂီ” ဘွဲ့ တံဆိပ်တော်ကို ထပ်မံရရှိသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါသည်။

သီဟသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါက်တာဒေါ်ရီရီလှ (ယုဝတီခင်ဦး)သည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများစွာဖြင့် ဘာသာ၊ သာသနာအကျိုးတို့အား ဆက်လက်ထမ်းဆောင်နိုင်ပါစေဟု ဆုတောင်း မေတ္တာ ပို့သအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**အမျိုးသမီးဆရာဝန်အဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**
**ရန်ကုန်တိုင်းဒေသကြီး**



## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၊ ၂-ရပ်ကွက်၊ ဦးဘဟန်လမ်းသွယ်၊ အမှတ်-၆၁၊ဟုခေါ်တွင်သော အဆောက်အဦ၏ မြေညီထပ်(ခေါင်းရင်းခန်း) အကျယ်(၁၅ပေ×၄၇ပေ×၁၃ပေအမြင့်)ရှိ တိုက်ခန်းနှင့်တကွ ထပ်ခိုး အပါအဝင်အကျိုးခံစားခွင့်အားလုံးကို တရားဝင်အမည်ပေါက်လက်ဝယ်ပိုင်ဆိုင်သူများဖြစ်သော ဦးလှအောင် ( နိုင်ငံသားကတ်အမှတ်-၁၂/ပဘတ(နိုင်) ၀၀၇၂၄၆ )နှင့် ဒေါ်ရင်ရင်မူ(နိုင်ငံသားကတ်အမှတ်-၁၂/လမတ (နိုင်) ၀၂၁၅၀၀)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါ တိုက်ခန်းနှင့်တိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက စာချုပ်စာတမ်းများကို တရားဥပဒေနှင့်အညီ တရားဝင် ပြုလုပ်ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

တရားလွှတ်တော်ရှေ့နေ
ဒေါ်မိုးမိုးအေး
(LL.B,D.B.L,D.M.L,D.I.L)
WIPO,DL.101Switzerland (စဉ် ၈၅၅၈)

တရားလွှတ်တော်ရှေ့နေ
ဒေါ်တင်ဇာနည်နေဝင်း
(LL.B,D.I.L)(စဉ် ၉၅၃၇)
DL-101(WIPO)Geneva

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ

အမှတ်(၄၇-က)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့၊
ရုံးဖုန်း - ၀၉-၇၃၀၅၄၅၄၂ ၊၀၉-၇၃၄၉၄၃၄၃၊ ၀၉-၇၃၁၆၁၆၇၂



## တစ်ဦးတည်းဖြစ်ပါကြောင်း

သာစည်မြို့နယ်အမှတ်(၁)သီရိမင်္ဂလာရပ်နေ ဦးမောင်မောင်ဖိုး၏ သမီးများဖြစ်ကြသော

(၁) မခင်ခင်ဝင်း [၉/သစန(နိုင်) ၀၀၉၅၂၆] နှင့် မမြမြဝင်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

(၂) မလှဝင်း [၉/သစန(နိုင်)၀၀၂၇၂၈]နှင့် မသန်းသန်းဝင်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။


(၃) မတင်ဖြူဖြူစိုး[၉/သစန(နိုင်) ၀၃၆၈၁၂] နှင့် မတင်ဝေဝေစိုးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။



HOTEL ACCORD

No 69 Damaryone Street, Myay Ni Gone, Sanchuang Township, Yangon, Myanmar
+95 1 501670 / +95 1 502469 / + 95 9 97575 1777
www.hotelaccordyangon.com
reservations@hotelaccordyangon.com

- Starting from
  - Local: Ks 30,000
  - Foreigner: USD 50
- Special contract rates available for:
  - Companies & NGOs
  - Tour Agents
- High-speed fibre-optics internet
- 50 pax meeting room available
- International standard room amenities



မျက်မှောက်ကမ္ဘာတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးစသည့်နိုင်ငံတကာအရေးကိစ္စများကို မျက်ခြည်မပြတ်လေ့လာနေရန်လိုအပ်ပါသည်။ ထိုသို့လေ့လာနေမှသာလျှင်နိုင်ငံတကာအခင်းအကျင်းများမှ ရယူသင့်သော သင်ခန်းစာများကို ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ကြေးမုံစာဖတ်ပရိသတ်များအား တစ်ပတ်အတွင်းထူးခြားသော နိုင်ငံတကာဖြစ်စဉ်များကို ခြုံငုံသိရှိနိုင်စေရန်အတွက် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း နိုင်ငံတကာသတင်း ပုံရိပ် များကိုဖော်ပြအပ်ပါသည်။ (စာတည်း)

# ဒီမိုကရေစီခရီးလမ်း ဖြောင့်တန်းဖို့
# နိုင်ငံရေးအသိတရားဖြင့် လျှောက်လှမ်းစို့

à ကိုရင်ဩ

၂၀၁၅ ခုနှစ်သည် အိန္ဒိယနိုင်ငံရေးအသိုက်အဝန်း၌ အားပြိုင်မှုမြင့်မားသောနှစ်တစ်နှစ်ဖြစ်ခဲ့သည်။ ဒီမိုကရေစီ အုတ်မြစ်အဖြစ် ရပ်တည်နေသော အဖွဲ့အစည်းများနှင့် ပတ်သက်၍လည်းကောင်း၊ ဒီမိုကရေစီ စံတန်ဖိုးများ (စံနှုန်းများ)နှင့်ပတ်သက်၍သော်လည်းကောင်း နိုင်ငံရေးအသိုက် အဝန်းတွင်ရော လူမှုရေးအသိုက်အဝန်းတွင်ပါ အလေးအနက်ဆွေးနွေးငြင်းခုံမှုများ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်ခဲ့သည်ဟု အိန္ဒိယဘောဂဗေဒ ပညာရှင်တစ်ဦးက သုံးသပ်ပြောကြားလေသည်။

လူဦးရေ တိုးပွားလာမှုနှင့်အတူ ပြည်သူများနှင့် ပြည့်ညပ်နေသော အိန္ဒိယမြို့ပြများမှ ပဲ့တင်ရိုက်ဟည်းလာသော ပြဿနာများကား တစ်ဦးနှင့်တစ်ဦး ဇာတိပုညဂုဏ်မာနအရ ယှဉ်ပြိုင်မှုများ၊ ဇာတ်ခွဲခြားဆက်ဆံခြင်းများ၊ လောကီလူသား ဝါဒကိုသာလက်ခံလိုသူများ၊ လွတ်လပ်စွာ ပြောဆိုခွင့်၊ ထုတ်ဖော်ခွင့် ရရှိရေးဘက်မှ ရပ်တည်မှုများ၊ လူနည်းစုတိုင်းရင်းသားမျိုးနွယ်တို့၏ အကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်လိုသူများတို့နှင့် သက်ဆိုင်လျက်ရှိသည်ဟု အိုပီဂျင်းဒါးလ်ဂလိုဘယ်တက္ကသိုလ်မှ လက်ထောက်ပါမောက္ခနှင့် နိုင်ငံတကာဘောဂဗေဒ လေ့လာရေးဌာန၏ လက်ထောက်ညွှန်ကြားရေးမှူး ဒီပန်းရှူးမိုဟန်က ရေးသားဖော်ပြထားလေရာ အိန္ဒိယဒီမိုကရေစီ အသို့နည်းဟု ကျွန်ုပ်စောကြောမိလေသည်။

လူမျိုးပေါင်းစုံ အတူယှဉ်တွဲနေထိုင်ရာ အိန္ဒိယနိုင်ငံ၌ များလှသောင်းသောင်း လူအပေါင်းတို့၏ နိစ္စဓူဝပြဿနာများကား ပြည်သူများအတွက် တစ်ထမ်းတစ်ပိုး ဖြစ်ရသလို အစိုးရအတွက် တောင်ပုံရာပုံဖြစ်၏။ ပြည်သူတို့၏ ယရာဝါသ အရေးအပေါင်းသည် နိုင်ငံရေးပြဿနာရပ်များအဖြစ် အစိုးရမင်းများကို ပျာပျာလောင်လောင်ဖြစ်စေ၏။

ပြည်သူတို့၏ စားဝတ်နေရေးပြဿနာများကား အကျယ်အကျယ် မငြိမ်းနိုင်ပေ။ သာဓကတစ်ရပ်ကို ညွှန်းဆိုရလျှင် ပြီးခဲ့သည့်ဇွန်လက အိန္ဒိယနိုင်ငံတစ်ဝန်း ရောင်းချပေးနေသော မဂ္ဂီအမှတ်တံဆိပ်ကပ် ခေါက်ဆွဲခြောက်ထုပ်များ ကျန်းမာရေးဆိုင်ရာစံနှုန်းသတ်မှတ်ချက်များနှင့် မကိုက်ညီကြောင်း စစ်ဆေးတွေ့ရှိခဲ့ရာ ပြည်သူများအတွင်း ဥက္ကောဋ္ဌေယျ (စိုးရိမ်ချောက်ချား)ဖြစ်ခဲ့ကြရလေသည်။

မဂ္ဂီအမှတ်တံဆိပ် (၂ မိနစ်စောင့်) ခေါက်ဆွဲခြောက်တွင် အချိုမှုန့် (မိုနိုဆိုဒီယမ်ဂလူတမိတ်) ပါဝင်မှု အလွန်များပြားနေပြီး ခွင့်ပြုပေးနိုင်သော ခဲဓာတ်ပါဝင်မှု ၁၇ ဆ ပိုမိုများပြားနေသည်ဟု ကျန်းမာရေးစံနှုန်းတိုင်းတာသူများက ရှာဖွေတွေ့ရှိရသဖြင့် မြို့တော် နယူးဒေလီ၊ ဥတ္တာပရာဒေ့ရှ်၊ ဂူဂျာရတ်၊ အာသံစသည့် ပြည်နယ်ပြည်မများ၌ ရောင်းချခွင့်ပိတ်ပင်ရန် အစိုးရက ညွှန်ကြားခဲ့ရလေသည်။

၂၀၁၅ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၌ အငြင်းပွားရဆုံး ပြဿနာတစ်ရပ်မှာ အမဲသားပိတ်ပင်ချက်ဖြစ်သည်။ မဟာရာရှတြာပြည်နယ်၌ အစိုးရအဖွဲ့က အမဲသားပိတ်ပင်ချက် ထုတ်ပြန်ခဲ့ရာ နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများ၌ ဆန္ဒပြပွဲများ ကျင်းပကာ ပွက်လောရိုက်ခဲ့သည်။ အစားအစာ စားသုံးခြင်းသည် လူတစ်ဦးချင်းစီ၏ ပုဂ္ဂလိက ရွေးချယ်ချက်ဖြစ်ပြီး ပုဂ္ဂလိကဆန္ဒကို အစိုးရက ကြားဝင်စွက်ဖက်မှု မပြုသင့်ဟု ဆန္ဒပြသူများက ဆိုကြသည်။

သို့ရာတွင် အစိုးရက ဆန္ဒပြသူများ၏ တောင်းဆိုချက်အား မကြားယောင်ပြု၍ နွားများကို သတ်ဖြတ်ခြင်းမပြုရန် တားမြစ်ချက်ထုတ်ပြန်ခဲ့သည်။ တားမြစ်ချက်အရ အမဲသားရောင်းချပါက၊ လက် ဝယ်တွေ့ရှိပါက ထောင်ဒဏ်ငါးနှစ်၊ ငွေဒဏ်ရူပီး ၁၀၀၀၀ အထိ ပြစ်ဒဏ်ခတ်နိုင်သည်။

မြို့တော် နယူးဒေလီကို ဝန်းရံထားသော ဟာယာနာပြည်နယ်တွင်လည်း အမဲသား ပိတ်ပင်ချက် ထုတ်ပြန်ခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ၂၀၁၂ ခုနှစ်က လူတစ်စုအုပ်စုဖွဲ့၍ အမျိုးသမီးတစ်ဦးကို အဓမ္မပြုကျင့်ခဲ့သည့် ဖြစ်ရပ်ကို အခြေခံကာ မှတ်တမ်း ရုပ်ရှင်အဖြစ် ရိုက်ကူးထားသော ဇာတ်ကားတစ်ကားမှာလည်း ၂၀၁၅ ခုနှစ်အတွင်း ပိတ်ပင်ခံခဲ့ရသည်။

အိန္ဒိယအစိုးရသည် ယင်းမှတ်တမ်းကားအား အင်တာနက်ရှိ You Tube မှ ကြည့်ရှုနိုင်ခြင်းမရှိစေရန်လည်း သက်ဆိုင်ရာ ဝက်ဘ်ဆိုက်ကုမ္ပဏီကို မေတ္တာရပ်ခံခဲ့လေသည်။

၂၀၁၅ ခုနှစ်အတွင်း အိန္ဒိယအစိုးရက အင်တာနက်ရှိ ညစ်ညမ်းရုပ်ပုံများနှင့် ဆက်နွယ်သော ဝက်ဘ်ဆိုက် ၈၅၇ ခုကို ပိတ်ပေးရန် အင်တာနက်ဆားဗစ်ပရိုဗိုက်ဒါများအား ပန်ကြားခဲ့ရာ ပြည်သူလူထုအတွင်း လွတ်လပ်ခွင့် ပိတ်ပင်ခံရသည်ဟုဆိုကာ ဝေဖန်သံများ သောသောညံခဲ့ရသည်။ နောက်ဆုံးတွင် ကလေးသူငယ် ညစ်ညမ်းရုပ်ပုံများကိုသာ အကန့်အသတ်ပြု၍ ပိတ်ပင်ချက်ကို ဖြေလျှော့ပေးခဲ့ရလေသည်။

အိန္ဒိယနိုင်ငံသည် တောင်အာရှဒေသ၌ မီဒီယာလွတ်လပ်မှု အရှိဆုံးနိုင်ငံအဖြစ် သတ်မှတ်ခံခဲ့ရသည်။ မြို့ပြများ၌ Twitter နှင့် Facebook စသည့် လူမှုကွန်ရက်မီဒီယာ အသုံးပြုမှု ခေတ်စားလှပြီး မြို့ပြလူမှုဘဝ ပုံရိပ်များနှင့် သက်ဆိုင်နေသော သတင်းများကို သတင်းဌာနများက ဝေဝေဆာဆာ ဖော်ပြလေ့ရှိသည်။

သို့ရာတွင် အိန္ဒိယကျေးလက်ဒေသ ပြည်သူများ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများဖြစ်သည့် ဆင်းရဲမွဲတေမှုပြဿနာ၊ အာဟာရဓာတ်ချို့တဲ့မှုပြဿနာ၊ စိုက်ပျိုးရေးလုပ်ငန်း မအောင်မြင်သဖြင့် တောင်သူဦးကြီးများ မိမိကိုယ်မိမိ အဆုံးစီရင်မှုပြဿနာစသည့် ပြဿနာရပ်များနှင့် ပတ်သက်၍မူ သတင်းဌာနကြီးများက ရေးကြီးခွင့်ကျယ်လုပ်ကာ ဖော်ပြလေ့မရှိကြဟု သိရှိရလေသည်။

နိုင်ငံတော်၏ မဏ္ဍိုင်ကြီးလေးရပ်အနက် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာအနေဖြင့် မြို့ပြနေ ပြည်သူတို့၏ ပြဿနာများနှင့် ကျေးလက်နေ ပြည်သူတို့၏ ပြဿနာများကို သုံးသပ်ဖော်ပြရာတွင် ဘက်ညီအောင် ဖော်ပြသင့်သည်ဟု နိုင်ငံရေး ဘောဂဗေဒ သုတေသီ မိုဟန်က ရှုမြင်လေသည်။

၂၀၁၆ ခုနှစ်သို့ ဝင်ရောက်လာချိန်၌ အခြားသော မဏ္ဍိုင်ကြီးသုံးရပ်အပေါ် အိန္ဒိယပြည်သူတို့၏ အမြင်ကို ဆက်လက်ဖော်ပြရာတွင် ပါလီမန်နှင့် ပတ်သက်၍ ပြည်သူတို့၏ ယုံကြည်ကိုးစားအားထားခံရမှု နည်းပါးနေပုံကို ဖော်ကျူးပြန်သည်။

ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သော ပါလီမန်၏ လွှတ်တော်နှစ်ရပ်စလုံးတွင် ပါတီများအချင်းချင်း အားပြိုင်နေကြပြီး ပါးကိုက်လျှင် နားကိုက်မည်ဟူသော လက်စားချေရပ်တည်ချက်ကို တွေ့ရိုးတွေ့စဉ် အဖန်ဖန်တလဲလဲ တွေ့မြင်လာရသည်ဆို၏။

လွှတ်တော်အတွင်း ပါတီစွဲ ယှဉ်ပြိုင်ကြမှုများကြောင့် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အခွန်ဥပဒေ၊ လူမွဲစာရင်းခံယူခြင်းနှင့် ဒေဝါလီခံခြင်းဆိုင်ရာ ဥပဒေစသည့် ဥပဒေကြမ်းများ အတည်ပြုရေးတွင် အတားအဆီးများ ဖြစ်ပေါ်နေရလေသည်။

အုပ်ချုပ်ရေး မဏ္ဍိုင်နှင့် ပတ်သက်၍လည်း သုတေသီမိုဟန်၏ ရှုမြင်ပုံမှာ အားတက်ဖွယ်ရာ မရှိလှပေ။ လက်ရှိစီးပွားရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို အစိုးရက အကောင်အထည်ဖော်ရာတွင် တိုးတက်မှုနှေးကွေးလျက်ရှိသည်။ ပြည်သူပိုင်ကဏ္ဍရှိ ဘဏ်များ၏ ပြဿနာ၊ အရည်အချင်းပိုမိုပြည့်ဝသော မန်နေဂျာများ ရရှိရေးခက်ခဲသည့် ပြဿနာတို့ကို သုတေသီမိုဟန်က ထောက်ပြထားသည်။

၎င်းအပြင် စွမ်းအင်လုပ်ငန်းကဏ္ဍ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များ တိုးတက်မှုမရှိပုံ၊ ရင်းနှီးမြှုပ်နှံမှု နုတ်သိမ်းခြင်းဆိုင်ရာ ပြဿနာများမှာလည်း အစိုးရအဖွဲ့အတွက် အခက်အခဲများ ဖြစ်ပေါ်နေပုံ၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတို့တွင် ဗဟိုအစိုးရ ရန်ပုံငွေဖြတ်တောက်ခံရမှုကြောင့် အစိုးရက ပြည်သူများအတွက် ဆောင်ရွက်ပေးနိုင်မှု နည်းပါးနေပုံ စသည်ဖြင့်သုတေသီမိုဟန်က အားမလိုအားမရ သုံးသပ်သည်။

တရားစီရင်ရေးမဏ္ဍိုင်၌ အောက်တရားရုံးများ၌ ဥပဒေပညာရှင် အင်အားနည်းပါးခြင်းကြောင့် အမှုများကြန့်ကြာနေမှုကို တွေ့ကြုံနေရသည်။ ဥတ္တာပရာဒေ့ရှ်၊ ဘီဟာ၊ မာဒယာပရာဒေ့ရှ်ကဲ့သို့ ဖွံ့ဖြိုးမှုနည်းပါးသော ပြည်နယ်များ၌ ဥပဒေဝန်ထမ်းအင်အား ဖြည့်တင်းရန် လိုအပ်နေပုံကို ၎င်းကထောက်ပြထားသည်။

အိန္ဒိယတရားရုံးချုပ်မှာမူ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့် အာဏာများကို ကျော်လွန်ကာ လုပ်ပိုင်ခွင့် အာဏာကြီးထွားနေသည်ဟု ဆိုသည်။

တရားရုံးချုပ်၏ လုပ်ပိုင်ခွင့်အာဏာ ဘောင်ကျယ်နေမှုမှာ အချေအတင် အငြင်းပွားပြောဆိုစရာဖြစ်နေပြီး အယူခံလွှာများ သုံးသပ်သည့် လုပ်ငန်းစဉ်တွင် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် လိုအပ်သည်ဟု မိုဟန်က သုံးသပ်သည်။

နိုင်ငံတော် တရားသူကြီးများအား ခန့်အပ်ရေးကော်မရှင် ဖွဲ့စည်းထူထောင်ခြင်းနှင့်ပတ်သက်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်မှုပြုလုပ်ခြင်းကို တရားရုံးချုပ်က လက်မခံဘဲ ပယ်ချခဲ့ပြန်ရာ မဏ္ဍိုင်ကြီးများအကြား အားပြိုင်နေမှုကို တွေ့ရလေသည်။

ဒီမိုကရေစီစနစ်၏ ပင်မမဏ္ဍိုင်ကြီးများအတွင်း တွေ့ကြုံနေရသော အကျပ်အတည်းမှာ နိုင်ငံရေးအသိတရား (Political Will) အားနည်းမှုကို ထင်ဟပ်နေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာခွဲဝေကျင့်သုံးမှုနှင့်အညီ ကိုယ့်တာကိုယ်လုံကြဖို့ လိုအပ်သည်ဟု သုတေသီမိုဟန်က ရှုမြင်လေသည်။

ဤတွင်ရွှေ့ကား ကျွန်ုပ်အနေဖြင့် ဒီမိုကရေစီ၏ မဏ္ဍိုင်ကြီးလေးရပ် ဟန်ချက်ညီညီ ဘောင်ချိန်ကိုက်ကိုက် တည်ရှိရန် လိုအပ်ပုံကို သတိမူမိလေသည်။

ဒီမိုကရေစီ ခိုင်မာအားကောင်းရေးအတွက် မဏ္ဍိုင်ကြီးလေးရပ် မယိမ်းမယိုင်ကျောက်စာတိုင်ကဲ့သို့ တည်တံ့ခိုင်မြဲစေရန် ရည်သန်အားထုတ်ရာတွင် နိုင်ငံရေးအသိစိတ်ဓာတ် (နိုင်ငံရေးအသိတရား) မြင့်မားရေးမှာ အခြေခံကျလှသည်ဟု ကျွန်ုပ်တွေးဆမိ၏။

လူ့အဖွဲ့အစည်းအတွင်း ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ နိုင်ငံရေးဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်ရာတွင်လည်းကောင်း ဖြစ်ပေါ်လာနိုင်အံ့သော ကောင်းကျိုးများနှင့် ဆိုးကျိုးများကို ကြိုတင်ချိန်ဆရန်လိုအပ်ပြီး လူထုအများစု သဘောကျသည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ နိုင်ငံတော်၏ အနာဂတ်ဘဝ သာယာဝပြောရေးအတွက် မဆုတ်မနစ် ဆောင်ရွက်သင့်သည်ဟု ယူဆပါက မလွဲဧကန် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပေလိမ့်မည်။

ဒီမိုကရေစီ ခရီးလမ်းအစဉ်ဖြောင့်တန်းစေဖို့ ကျွန်ုပ်တို့အားလုံး နိုင်ငံ့အရေး (ဝါ) ပြည်သူ့အရေးကို ထာဝစဉ် ဦးထိပ်ပန်ဆင်ကာ အတ္တမဖက် တိုင်းပြည်အတွက် အလုပ်လုပ်လိုသော စိတ်ဓာတ်မြင့်မားစေလျက် လက်တွဲညီညီ လျှောက်လှမ်းချီကြပါလျှင် ဒီမိုကရေစီ ခရီးပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြမည်ဟု တွေးတောမိရင်း "ဒီမိုကရေစီ ခရီးလမ်း ဖြောင့်တန်းဖို့ နိုင်ငံရေးအသိတရားဖြင့် လျှောက်လှမ်းစို့" ဟု ကျွန်ုပ်ကျူးရင့်မိပါသတည်း။ ။



မဂ္ဂီအမှတ်တံဆိပ်ကပ် ခေါက်ဆွဲခြောက်ထုပ်များရောင်းချမှုကိုကန့်ကွက်ဆန္ဒပြကြသည့်မှတ်တမ်းပုံ။ ဓာတ်ပုံ–European Press Photo Agency

## အောင်စကြာ မဟာထေရ်မြတ်အား ဂုဏာဝန္ဒနာပူဇော်လွှာပါဘုရား

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးများ၏ အဓိပတိ၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြုဓမ္မကထိကနှင့်ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် မဟာနာယက၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်ရ အောင်စကြာ ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တစန္ဒသိရီ(ဓမ္မာစရိယ)မဟာထေရ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရမှ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံယူတော်မူရသဖြင့် တပည့်ဒါယကာ၊ ဒါယိကာမများမှ အထူးဝမ်းမြောက်စွာဖြင့် ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်များအား ပူဇော်လျက်ရှိပြီး ဆရာတော်ကြီးသက်ရှည်ကျန်းမာစွာဖြင့် သာသနာတော်၏အကျိုး သယ်ပိုးထမ်းရွက် ကြိုးပမ်းနိုင်ပါစေကြောင်း ဆုမွန်တောင်းလျက် ပူဇော်အပ်ပါသည်။

**မြင့်မိုရ်နိုင်(ရတနာရွှေဆိုင်)၊ ရွှေမြင့်မိုရ်(ရတနာရွှေဆိုင်)၊**
**စိန်မြင့်မိုရ်(ရတနာရွှေဆိုင်)၊ တိုးတက်အောင်(ရတနာရွှေဆိုင်)**
**ရွှေနန်းသုခ(ရတနာရွှေဆိုင်)၊ စိန်ရွှေဖြိုး(ရတနာရွှေဆိုင်)**
**ဟသ်ာစံ(ရတနာရွှေဆိုင်)နှင့် ဦးဘုန်းကျော်-ဒေါ်တင်ငွေမိသားစု**


## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်ဇနီး **မနွယ်နီထွန်း (ခ) မနှင်းသန့်ရွှေ** ၏(၁၇-၀၁-၂၀၁၆)ရက်နေ့တွင်ကျရောက်သော (၄၀)နှစ်ပြည့် မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် လိုအင်ဆန္ဒများ ပြည့်ဝပြီး၊ ချစ်သော မိသားစု နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အောင်မြင်သော ဘဝကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ချစ်ခင်ပွန်း ကိုကျော်ကျော်နိုင်**
**ချစ်သမီးကြီး စုလေးနွယ်**
**ချစ်သမီးငယ် စင်လေးနွယ်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း** ယာဉ်အမှတ် 3H/9278 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

TOKYO BBQ DINING
MANPUKU
အဝသောက် 7,000Ks



စိတ်လှုပ်ရှားဖွယ်
Promotion အစီအစဉ်များကို တစ်လတစ်ခါ မထပ်အောင် စီစဉ်ပေးလျက်ရှိပါသည်။
Jan 1, 2016 မှ
Jan 31, 2016 အထိ


ဂျပန်စားဖိုမှူးကြီး MR.Naoki Watanabe ကိုယ်တိုင်ချက်ပြုတ်စီမံသော ဂျပန်အသားကင်ဆိုင်
No.(30), Sagawar Street, Dagon Township, Yangon. TEL: 09-970137546, 09-8300426, 09-5046736

"တိုးတက်လာမည့် ပညာရေးအတွက် ထူးချွန်ထက်မြက်သူများ ဆုံစည်းရာ"

## မြို့မဂုဏ်

ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် - ကကက-၁၃/၂၂/၂၃၆

သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ
၂၀၁၆ – ၂၀၁၇ ပညာသင်နှစ်အတွက်
ကျောင်းအပ်လက်ခံနေပြီ ....



အမှတ်(၂၉)၊ နီလာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-530767, 01-530642, 09-781900186, 09-781900187

**ရွှေနဂါး**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားချိန်ကိုက်စီးနိုင်ပါသည်
Ph: 209077, 209388

**GOLDEN STAR** ခရီးသွားလုပ်ငန်း
* ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

**Aung Su Wai** Travels & Tours Co.,Ltd

| | | | |
|---|---|---|---|
| * ပုပ္ပါး–ပုဂံ (စွယ်တော်လေးဆူ)–ညောင်ဦး | (၂ည/၃ရက်) | Jan 29 - 31 | 98,000 |
| * မန္တလေး–အမရပူရ–စစ်ကိုင်း–မုံရွာ | (၃ည/၄ရက်) | Feb 11 - 14 | 115,000 |
| * ပြည်–မကွေး–မင်းဘူး–ရွှေစက်တော်ဘုရား | (၂ည/၃ရက်) | Feb 26 - 28 | 98,000 |

* ကျိုက်ထီးရိုး (နေ့စဉ်)
* ချောင်းသာ (နေ့စဉ်)
* ငွေဆောင် (နေ့စဉ်)

3*-4* Hotel, Aircon Express Car
အဆင့်မြင့်စားသောက်ဆိုင်၊ စက်လှေ၊ စားရိတ်ငြိမ်း

အခန်း(၉)၊ တိုက်အမှတ်(၃၈၈)၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၀၁–၅၄၃၁၈၉၊ ၅၅၆၁၃၄၊ ၀၉–၂၅၈၉၂၂၅၆၁၊ ၀၉–၂၅၈၉၂၂၅၆၂

**Royal Gandamar** February ခရီးစဉ်များ
5% Discount for Early Birds

| | | |
|---|---|---|
| ၁.ထားဝယ်ရှင်ကိုးရှင်-လောင်းလုံကျွန်း-မျှော်ရစ်-မောင်းမကန် (၆ ရက်) | Feb 11 | ၂၄၅၀၀၀ |
| ၂.ပုဂံ-စွယ်တော်(၄)ဆူ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ-ဦးဟိုဥ္ဥရှင် (၄ရက်) | Feb 11 | ၁၅၅၀၀၀ |
| ၃.အလောင်းတော်ကဿပ-[illegible]-ကျောက်စိမ်းဘုရား | Feb 11 | ၁၆၀၀၀၀ |
| ၄.တောင်ကြီး-အင်းလေး-ကလော-ပင်းတယ (၅ရက်) | Feb 11 | ၁၉၀၀၀၀ |
| ၅.ကသား-လှိုင်ကော်-မြင်းမထိ-ထီးစံမိး-တောင်ကွဲစေတီ-ပန်ပက်ရွာ(၄ရက်) | Feb 11 | ၁၇၀၀၀၀ |
| ၆. မန္တလေး-ကျောက်ဆည်-မင်းကွန်း-ပြင်ဦးလွင် (၄ရက်) | Feb 11 | ၁၇၀၀၀၀ |

| | |
|---|---|
| >မန္တလေး-[illegible]-ကျောက်ဆည်-ကျောက်စိမ်းဘုရား | 65,000 |
| >မော်လမြိုင်-[illegible] | 35,000 |
| >ပြည်-[illegible] | 35,000 |
| >[illegible] | 35,000 |


255,000 Ks

Ph-01-397484, 09-333 53275,09-3659 2255,09-25089 2626

နှစ်စဉ်နှစ်တိုင်း အောင်ပွဲခံလျက်
## ထူးချွန်
၂၀၁၆မေးခွန်း(၅)စုံနှင့်စံပြအဖြေများ
စတုတ္ထတန်း၊ အဋ္ဌမတန်း၊ တက္ကသိုလ်ဝင်တန်း


တိုင်းဒေသကြီး ပြည်နယ်များရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING








TRW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

## သာသနဒါယကာကြီး၊ ဒေါက်တာဦးစိုးသိန်း အတွက် ဝမ်းမြောက်ဆုတောင်း ဂုဏ်ပြုမေတ္တာပေးအပ်လွှာ

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏
အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့်
**မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်**
ချီးမြှင့်အပ်နှင်းခြင်းကို ပိုင်ဆိုင်ရရှိပါသော ပရဟိတအသင်းအဖွဲ့များနှင့် မင်းလှမြို့နယ် အခမဲ့လူနာတင်ယာဉ်လှူဒါန်းခြင်းနှင့် မပင်မပန်း
အများအကျိုးဆောင်ရွက်နိုင်ရန် လစဉ်၊ နှစ်စဉ် အလှူငွေများ အမြဲလှူဒါန်းချီးမြှင့်လျက်ရှိသော
သာသနဒါယိကာမကြီး **အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရွှေနေချုပ်ရုံး)**၏ ချစ်ခင်ပွန်း
သာသနဒါယကာကြီး **သဒ္ဓမ္မဇောတိကဓဇ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ရွှေခနေအောင်ကုမ္ပဏီလီမိတက်(မန်နေဂျင်းဒါရိုက်တာ) ဒေါက်တာဦးစိုးသိန်း** အတွက်
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ ဝံသာနုရက္ခိတ ပရဟိတအခမဲ့လူနာတင်ယာဉ်ပရဟိတအဖွဲ့မှ အထူးဝမ်းမြောက် ဂုဏ်ယူပါကြောင်း
ကာယသုခ၊ စိတ္တသုခနှင့်ပြည့်စုံပြီး ဘာသာအကျိုး၊ သာသနာအကျိုး၊ ပရဟိတအကျိုးများကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပြီး
အမြင့်ဆုံးသော ဘွဲ့ထူး ဂုဏ်ထူးများ ရရှိနိုင်၍ အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ရရှိခံစားနိုင်ပါစေဟု ဆုတောင်းမေတ္တာများ ပို့သလိုက်ပါသည်။

**ဦးဆောင်နာယကဆရာတော်များနှင့်**
**ဝံသာနုရက္ခိတအဖွဲ့**
**မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး**

# HIGHWAY STAR
Travels & Tours Co.,Ltd
(အထူး Discount) ဆောင်ရွက်ပေးနေပါပြီ
- တောင်ကြီး၊အင်းလေး၊မိန်းမရဲတောင်၊
- ပုဂံ၊ညောင်ဦး၊ပုပ္ပါး၊
- မြဝတီ၊မဲဆောက်၊ဘားအံ၊
VIP 2+1 ကားကြီးဖြင့် (Scania)
"တန်မှတန်" 6+1 10+1
Jan-29 Feb-11
- ကျိုက်ထီးရိုး
- သံတောင်ကြီး ဖိုးကျားဆင်စခန်း
- ကျိုက်ဒေါ့ရေတံခွန်၊ဘားအံ၊
- ဘားအံ၊ဆဒ္ဒန်ဂူ၊ဘုရား၊
- ကျိုက္ခမီ၊ စက်စဲ၊ဝင်းစိန်တောရ၊
- မြည်းအကောက်တောင်၊
Jan-16,23,30 Feb-6,11,12, 13, 20,27
အမှတ်(၈၃)၊ တတိယထပ်၊ သုခမှတ်တိုင်၊ ရန်ကုန်-အင်းစိန်လမ်း၊လှိုင်မြို့နယ်။
09 253 235 411-22, 09 36 220 162, 09 795 565 199 , 09 250 277 537

# မေတ္တာရှင်
ရွှေစက်တော်ဖွင့်ပွဲ (Feb-11)
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း(၄)ရက်
ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ မခုတ္တူ (၄)ရက်
တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၅)ရက်
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ(၅)ရက်
ထားဝယ်(ရှင်ကိုးရှင်)၊မောင်းမကန်(၆)ရက်
Ph: 01-392704, 09 73017110, 09 5066657,09 785066657



Choose the right school for your child that prepares them for the next step in their educational joruney

"Fit Brains Gain More"
# BRAINWORKS Pre-School
An ISO 9001:2008 and 14001:2004 Certified Institution

| Tamwe | 41st Street | Kyi Myin Daing | Sanchaung | Aung Zeya | Parami | Taunggyi |
|---|---|---|---|---|---|---|
| 24/26 South Race Course St. | 107-115 41st Street | 17 U Lu Ni Street | 336 Pyay Road | 34 Aung Zay Ya St. | 3 Mya Sabai Street | 24/12 Kanbawza st. |
| 401592 - 4 | 376022, 376010 | 2300 715 - 6 | 01 526456 | 09 262934441-2 | 09 7310 7376 | 081 206841-4 |

www.brainworks-total.com

# NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
တာမွေကျောင်းခွဲ
# LCCI(UK) Level I,II,III
For June 2016 Exam & Auto Count
ခုံနံပါတ်ကြိုတင်ယူပြီးကျောင်းအပ်နိုင်ပါပြီ။
တာမွေကျောင်း
အမှတ်(၃၆၀) ၂၈၊ ၂၉၊ ၅၃၊ ပထမထပ်၊ ပုလဲသီရိဆောက်လုပ်ရေးတိုက်၊ ဗညားဒလလမ်း၊ ကျောက်မြောင်းဈေးမှတ်တိုင် အနီး၊ တာမွေမြို့နယ်။ Tel: 01 556425, 09 30167272, 09 36173830
လှည်းတန်းကျောင်း
Ph: - 01 504737, 51 2900, 09 450022646, 09 73108409, 09 5170105

# WEBS
4 Skills, Business English
အင်္ဂလိပ်စာသင်တန်းများ
095151398 လှည်းတန်း။
IELTS
> စာမျက်နှာ (၆၀၀)ကျော်၊ နာရီ (၁၂၀)ကျော် စနစ်တကျ လေ့ကျင့်သင်ကြားပေးမယ်။
> တတန်းတည်းနဲ့ စာမေးပွဲဝင်ဖြေလို့ရအောင်စီစဉ်ထားတယ်။ Foundation တစ်တန်း၊ Preparation တစ်တန်းနှစ်တန်းတက်စရာမလို။ အခြေခံအားနည်းသူကိုအစကနေသင်ပေးမယ်။ ရေတို၊ ရေရှည် လိုအပ်ချက်အလိုက်လေ့လာနိုင်။
သင်ကြားသည့်ဆရာ - ဆရာနိုင်ဝင်းနိုင်
> အင်္ဂလန်ထိပ်တန်းတက္ကသိုလ်များဖြစ်သော The Open Uni, Cambridge, Business Schools များတွင်သွားရောက်၍ BA English, BSc, CAE, CPE, MBA အစရှိသည့်ဘွဲ့များကို ရယူခဲ့သည်။ အင်္ဂလန်တွင် (၁၀) နှစ်ကြာ နေထိုင်ခဲ့သည့်အတွက် အင်္ဂလိပ်စာနှင့်ယဉ်ကျေးမှုကိုကိုယ်တိုင် ထိတွေ့ခွင့်ရခဲ့။

# ခြံဝိုင်းကျယ် နေရာကောင်း ဈေးချိုချို
တောင်ကြီးမြို့ရေအေးကွင်းရပ်၊ကမ္ဘောဇလမ်းမပေါ်အ.ထ.က(၅)အနီး၊ အကျယ် ပေ (၇၆×၇၀)ရှိ ခြံဝင်း၊ (၂)ထပ်နံကပ်တိုက်ပါ ရေ၊ မီး၊ ကြိုးဖုန်း၊ အသင့်နေ ကျောင်း၊ဈေး၊ကားဂိတ်အနီး ဂရံနာမည်ပေါက် ပိုင်ရှင်ကိုယ်တိုင် ရောင်းမည်။
ဆက်သွယ်ရန် - ၀၉-၄၆၁၀၃၆၆၇၇ (အိပ်ခန်း -၈ခန်းပါ အဆောက်အဦရှိကြောင်း)

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီ နှင့် နယူးစတားလိုက် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည်။
၂၀၁၆ ခုနှစ် ၊ ဇန်နဝါရီလ (၁၉) ရက်နေ့တွင် *(Soft Opening)* ဖွင့်လှစ်တော့မည့် မင်္ဂလာမူဆယ် လမ်းလျှောက်ဈေးအား
ဂုဏ်ပြုသောအားဖြင့် RC (၃) ထပ် လူနေဆိုင်ခန်း များကို
ရေဝတီဘဏ် နှင့် (၆) နှစ် အရစ်ကျငွေချေစနစ် (Hire Purchase) ဖြင့်
ရောင်းချပေးမည့် အထူးအစီအစဉ်ကို လူကြီးမင်းတို့အား သတင်းကောင်းပါးအပ်ပါသည်။




- ဆက်သွယ်ရန်လိပ်စာ - (Information Centre) မင်္ဂလာမူဆယ်လမ်းလျှောက်ဈေး၊ ကမ်းနားလမ်း နှင့် ချစ်ကြည်ရေးလမ်းထောင့်၊မူဆယ်ဗဟိုစီးပွားရေးဇုံစီမံကိန်း၊ မူဆယ်မြို့။
Ph: 09-258606767, 09-420705585, 09-5130121, China Ph:18788227756
Email - mcbd.sales@newstarlight.com.mm


PREMIER
COFFEE
ပရီမီယာကော်ဖီ(၁၀)နှစ်ပြည့်
အထိမ်းအမှတ်
သင်လည်း သူတို့လို ကံထူးရှင် ဖြစ်နိုင်ပါတယ် ...
1000
ကျပ်သိန်း(၁၀၀)ကံထူးရှင်များ
ကျပ်သိန်း(၁၀)ကံထူးရှင်များ
ပရီမီယာကော်ဖီ၏ (၁၀)နှစ်ပြည့် အထူးကံစမ်းမဲ
(Premier 3 in 1, 2 Plus 1, Espresso နှင့် Milk Powder)
Free Drink


Spike Sale Center
GRAND OPENING CEREMONY
SPIKE
COLLECTION
ဖွင့်ပွဲအခမ်းအနား အစီအစဉ်
နေ့ရက် & အချိန် ➤ (၂၁.၁.၂၀၁၆) နံနက် ၉း၀၀ နာရီတွင်စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။
နေရာ ➤ အမှတ်(၁၈၃)၊ မဉ္ဇူသလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ၊ယုဇနပလာဇာ နှင့်မျက်နှာချင်းဆိုင် ၊
မင်္ဂလာဈေးအနီး ဖုန်း/၀၁-၂၉၆၈၆၆
ပရိုမိုးရှင်း ➤ (၁) လက်လီ ဝယ်ယူသူ Customers များအတွက် ဇလာမပါကံစမ်းမဲနှင့် အတူ
Retail card,Retail member card များ၊
(၂) လက်ကား ဝယ်ယူသူ Customers များအတွက် ဇလာမပါကံစမ်းမဲနှင့် အတူ
Whole sale member card များ၊
(၃)သတင်းစာနှင့်လက်ကမ်းစာစောင်တွင်ပါရှိသော ကြော်ငြာဖြတ်ပိုင်းဖြင့် လာရောက်
ဝယ်ယူပါက (10%discount) ခံစား ခွင့်များ၊
လက်မှတ်ရေး ထိုးခြင်း ➤ နိုင်ငံကျော်ရုပ်ရှင် သရုပ်ဆောင်မင်းသမီးများ
ထပ်ဆင့်အကယ်ဒမီ စိုးမြတ်သူဇာ (12:00 PM)
အကယ်ဒမီ ဖွေးဖွေး (1:00 PM)
အဆိုတော် ရုပ်ရှင်သရုပ်ဆောင် နန်းခင်ဇေယျာ (9:00AM)
မော်ဒယ်သရုပ်ဆောင် ပိုးအိအိခန့် (9:00AM)
ဖျော်ဖြေရေး ➤ ကြွရောက်ချီးမြှင့် အားပေးကြသော ဧည့်ပရိသတ်များအား ဂုဏ်လွင် ဦးစီးသော
Stars & Models Int'l မှ Super Model များမှ မော်ဒယ်ရှိုးအစီအစဉ်ဖြင့်ဝတ်စုံ
များဝတ်ဆင် ပြသမည်ဖြစ်ပါသည်။
Model Show Time ➤ (11:00) AM
( 1:00 ) PM
( 3:00 ) PM
Spike

## အထူးလိုက်လှဲဝမ်းမြောက်ကြောင်း ဂုဏ်ပြုလွှာ

၂၀၁၆ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် **ဆရာတော်ဘဒ္ဒန္တကေတု**(မဟာဂန္ထဝါစကပဏ္ဍိတ)မြို့မ ပရိယတ္တိစာသင်တိုက် မောင်တောမြို့၊ ရခိုင်ပြည်နယ်အား **"အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်"** ဆက်ကပ်ချီးမြှင့်အပ်နှံခြင်းခံရသည့်အတွက် ဆရာတော်နှင့်ထပ်တူထပ်မျှ အထူးပင် ဝမ်းသာဂုဏ်ယူမိပါသည်။

**မဏ္ဍလာကံယုံကျောင်း၊ သာသနာ့လင်္ကာရစာသင်တိုက်၏**
**ဝေါပကအဖွဲ့၊ မောင်တောမြို့နယ်အသင်း(ရန်ကုန်)နှင့်**
**ဒါယကာ၊ ဒါယိကာမများ**
**ရန်ကုန်**

---

## လိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၆)ဖြင့် **ဦးမြင့်စိုးထွန်း (မန်နေဂျင်းဒါရိုက်တာ)ရွှေဂေဟာထရေဒင်း ကုမ္ပဏီ**အား **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နောင်တွင်လည်း မိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုး ဘာသာ၊ သာသနာ အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

ကျွဲခြံဒေါင့်လေးကျေးရွာသူ၊ ကျေးရွာသားများ

---

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကံဗေတိုက်နယ်၊ နားခင်ရွာသစ်ကျေးရွာ၊

## (၁၈) ကြိမ်မြောက်၊ ကံဗေတိုက်နယ်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲ ကျင်းပခြင်း

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ကံဗေတိုက်နယ်၊ သံရှင်ကျေးရွာအုပ်စု၊ နားခင်ရွာသစ် ကျေးရွာ၌ (၁၈)ကြိမ်မြောက်၊ "ကံဗေတိုက်နယ်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ"နှင့် "သီရိ စကြာရွှေနားခင်စေတီတော်ဘုရားပွဲတော်"ကို ၁၃၇၇-ခုနှစ်၊ ပြာသိုလဆန်း (၁၀) ရက်မှ (၁၄) ရက် (၁၉. ၁. ၁၆မှ ၂၃. ၁. ၁၆)ထိ (၅)ရက်တိုင်တိုင် ပြုလုပ်ကျင်းပမည်ဖြစ်ပါသည်။

**ထိုပွဲတော်တွင်** --

၁။ စာဖြေသား ရှင်သာမဏေငယ်များ အပါး (၄၀၀)ကျော်

၂။ ယဉ်ကျေးမှုစာဖြေသား ယဉ်ကျေးမောင်/မယ်များ (၂၀၀)ကျော်

၃။ ဘုရားပွဲတော်အထိမ်းအမှတ် သံဃာအပါး(၅၀၀) ဆွမ်းကြီးလောင်းပွဲ

၄။ ပွဲတော်လာ ပရိတ်သတ် (၁၀၀၀) ဝန်းကျင်လောက်တို့အား စတုဒိသာ ကျွေးမွေးလှူဒါန်းကြပါမည်ဖြစ်ပါသဖြင့် ဗုဒ္ဓဘာသာဝင်သူတော်ကောင်းအပေါင်းနှင့် နယ်သူနယ်သားများအား ပါဝင်ဆင်နွှဲပါရန် ဖိတ်ကြားအပ်ပါသည်။

**အလှူ့ပါဝင်လိုသောသူများ အောက်ပါ ပွဲတော်တာဝန်ခံထံတွင် လှူဒါန်းနိုင်ပါသည်။**
**ဆရာတော်ဘဒ္ဒန္တဉာဏ၊ မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်၊ ဗဟန်းမြို့နယ်၊**
**ဖုန်း - ၀၁ ၅၄၈၈၀၅၊ ၀၉ ၅၁၉ ၅၂၈၆**

---

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ဇန်နဝါရီလ ၄ရက် (၆၈)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သီလရှင်၊ ဒါယိကာမကြီး **ဒေါ်နီနီအောင်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ**သုဓမ္မသီရိဘွဲ့** ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးဝမ်းမြောက်မိပါကြောင်းနှင့် ဘာသာ၊ သာသနာ အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ငယ်သူငယ်ချင်းများ**
**ဒေါက်တာကျော်မင်းလွင်-ဒေါ်နှင်းဆီ**
**ဦးလူလူမြတ်ကျော်-ဒေါ်စန်းစန်းအေး**
**ဦးမျိုးပိုင်ကျော်လွင်-ဒေါ်နီနီခင်**

---




ပြင်ဆင်ဖတ်ရှုပါရန်
၁၂-၁-၂၀၁၆ရက်နေ့ ကြေးမုံသတင်းစာကြော်ငြာ ကဏ္ဍစာမျက်နှာ(၂၄)၏ အများသိစေရန်ကြော်ငြာ တွင် အမှတ်(၅)(၇/ဘီ)အစားအမှတ်(၅၀)(၇/ဘီ) ဟုပြင်ဆင်ဖတ်ရှုပေးပါရန်။

ဒေါ်အေးအေးခိုင်
အထက်တန်းရှေ့နေ

---

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph: 09-43117680, 09-5059821

---

CALL TAXI
Taxi Call Center

နိုင်ငံတော်အတွက် အကျိုးရှိမည့် လုပ်ငန်းအစီအစဉ်များကို
သိ ကြား မြင် လိုပါက
တက်ရောက်အားပေး အကြံဉာဏ်များပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်

Taxi စီးခရီးသည်များနှင့် Taxi ယာဉ်မောင်းများ၏ (လုံခြုံမှုနှင့် ယုံကြည်မှု ပြန်လည်ရရှိစေရန်)အပြင် ယာဉ်ကြောကြပ်မှုလျှော့ချရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေမည့် အကြောင်းအရာများကို ပြည်သူများကိုယ်စား အနုပညာရှင်များနှင့် TCC ၏ တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြဆွေးနွေးမည့် အခမ်းအနားဖြစ်ပါသည်။

စိတ်ကြားလျှာ မရှိသော Taxi ယာဉ်ပိုင်ရှင်များ၊ Taxi ယာဉ်မောင်းများ (INGO, NGO နှင့် ပရဟိတအဖွဲ့အစည်းများ) နိုင်ငံတော် အကျိုးရှိမည့်ကိစ္စများကို စိတ်ဝင်စားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ခိုင်မာသောလုပ်ငန်းစဉ်တွင် ရင်းနှီးမြှုပ်နှံလိုသည့် လူကြီးမင်းများ တက်ရောက်အားပေး အကြံဉာဏ်များ ပေးခြင်းနှင့် ပူးပေါင်းပါဝင်ကြပါရန် လေးစားစွာဖြင့် ထပ်မံ ဖိတ်မန္တကပြုပါသည်။

နေရာ ။ ။ UMFCCI
ရက်/နေ/အချိန်။ ။၂၁ - ၁ - ၂၀၁၆ (ကြာသာပတေးနေ့)(၁၁း၃၀A.M မှ ၅း၀၀P.M)
တက်ရောက်လိုသူများ စာရင်းပေးသွင်းနိုင်ပါသည်။
Ph- 09450346416, 09450346417,09977854548, 09785365789

---

## အိပ်(က်)ဆဲလ့်(န့်စ်)ဖော်ကျူး(န်) ဆောက်လုပ်ရေး (အများနှင့်သက်ဆိုင်သော)ကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ကြေညာခြင်း

အိပ်(က်)ဆဲလ့်(န့်စ်)ဖော်ကျူး(န်)ဆောက်လုပ်ရေး (အများနှင့်သက်ဆိုင်သော)ကုမ္ပဏီလီမိတက်ကို နိုင်ငံတော်အစိုးရမှ ချမှတ်ထားသော မူဝါဒများ နှင့်အညီ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ (၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၊ ၁၀ ရက်)တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် (၃၃၇၂/၂၀၁၃ – ၂၀၁၄)ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ပါကြောင်း အများပြည်သူအားကြေညာအပ်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း စတင်လုပ်ဆောင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုမိန့်လိုင်စင်ရ ရှိရန်ဆက်လက် ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ကုမ္ပဏီရုံးခန်းတည်နေရာ
အမှတ် (၅/အေ)၊ ပြည်လမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။


TRITONE
LivingSquare Hanwha
TRITONE's SHOW GALLERY Now Open!
Special Promotion Until Jan 31 Limited Quantity
TRITONE SHOW GALLERY
Same Sky, Exclusive World
Hanwha
Living Square
Advanced Arts & Technology
RSVP : 09-788000991~2
https://facebook.com/TRITONE.8mile / https://tritone8mile.com
TRITONE
Airport
8 Mile Junction
Kabar Aye Pagoda Road
Yangon Hotel
Pyay Road
Show Gallery
7 Mile Junction
Parami Road
Downtown
Show Gallery address :
No.33A, Pyay Road, Mayangone Tsp., Yangon,

Hot Line No-0930500100

# ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ဆွေးနွေးမှုစုစည်းချက်များ လွှဲပြောင်းအပ်နှံ

# ဆွေးနွေးညှိနှိုင်းမှုအားလုံး ပွင့်လင်းမြင်သာစွာ ဆွေးနွေးခဲ့ခြင်းကြောင့် ယုံကြည်မှုတည်ဆောက်နိုင်ခဲ့

**နေပြည်တော်  ဇန်နဝါရီ  ၁၆**

ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ဆွေးနွေးမှုစုစည်းချက်များ လွှဲပြောင်းအပ်နှံခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

ရှေးဦးစွာ သဘာပတိ ဦးအောင်မင်းက ယခုညီလာခံကြီးသည် မိမိတို့အားလုံး လက်တွဲလျှောက်လှမ်းရဦးမည့် ခရီးရှည်ကြီး၏ ပထမခြေလှမ်းဖြစ်ပါကြောင်း၊ အစကနဦးဖြစ်သည့်အတွက် ဆုံးဖြတ်ချက်များ၊ အဖြေများ၊ ရလဒ်များထက် မိမိတို့အင်အားအသီးသီး၏ လိုလားချက်များ၊ ဆန္ဒများနှင့် သဘောထားများကို တစ်ဖက်နှင့်တစ်ဖက် သိရှိစေရန် စုစည်းဆွေးနွေးခြင်းဖြစ်ပါကြောင်း။

နောင်တာဝန်ယူမည့်အစိုးရအနေဖြင့်လည်း ယနေ့ မိမိတို့အားလုံး အတူတကွ လက်တွဲတည်ဆောက်ခဲ့သည့် ငြိမ်းချမ်းရေးအခြေခံအုတ်မြစ်အပေါ် အခြေခံပြီး ဆက်လက်ကျင်းပမည့် ညီလာခံများတွင် ပိုမိုကောင်းမွန်သည့် ဆွေးနွေးမှုများ၊ သဘောတူညီချက်များနှင့် ရလဒ်ကောင်းများကို ဆောင်ကြဉ်းပေးနိုင်မည်ဟု မျှော်လင့်မိပါကြောင်း၊ မိမိတို့အမျိုးသားအင်အားစုအားလုံး အတူတကွ ကြိုးပမ်းခဲ့ကြသည့်ဖြစ်စဉ်မှာ အောင်မြင်စွာဖြင့် စတင်နိုင်ခဲ့ပြီဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ လုံခြုံရေးနှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍငါးခုတို့မှ ကဏ္ဍအလိုက် ပြုစုထားသော ဆွေးနွေးချက်များကို အစုအဖွဲ့ ခုနစ်ဖွဲ့မှ ကိုယ်စားလှယ် ၁၅ ဦးတို့က ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံသို့ **စာမျက်နှာ ၇ ကော်လံ ၁ သို့**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းထံ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း၊ ပဒိုစောကွယ်ထူးဝင်းနှင့် ဦးသုဝေတို့က ညီလာခံဆွေးနွေးမှုစုစည်းချက်များကို လွှဲပြောင်းအပ်နှံစဉ်။
(သတင်းစဉ်)

## ယနေ့ မာတိကာ

"တူးပို့" သည်
မြန်မာ့ယဉ်ကျေးမှု လက္ခဏာ...
ရိုးရာသင်္ကြန်၏ အထိမ်းအမှတ်...
မြို့မ၏ ပုံရိပ်၊
မြို့မငြိမ်း၏ စကားလုံး...
စာမျက်နှာ - ၆

သမိုင်းဝင် သမိုင်းတွင်မည့်
ငြိမ်းချမ်းရေးညီလာခံမှသည်
ငြိမ်းချမ်းသောပြည်ထောင်စုဆီသို့
စာမျက်နှာ - ၁၁

ဒီမိုကရေစီခရီးလမ်းဖြောင့်တန်းဖို့
နိုင်ငံရေးအသိတရားဖြင့်
လျှောက်လှမ်းစို့
စာမျက်နှာ - ၁၇



နိုဘယ်-မြန်မာ စာပေပွဲတော်(၂၀၁၆)တွင် စာအုပ်အရောင်းဆိုင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-လှမိုး)

# ကလေးစာပေ ဖွံ့ဖြိုးတိုးတက်ရေး နိုဘယ်-မြန်မာစာပေပွဲတော်(၂၀၁၆) ဖွင့်လှစ်

**ရန်ကုန်  ဇန်နဝါရီ  ၁၆**

ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်၍ သုံးရက်ကြာကျင်းပမည့် နိုဘယ်-မြန်မာစာပေပွဲတော်(၂၀၁၆)ကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ MYANMAR EVENT PARK ၌ ယနေ့ နံနက် ၉ နာရီမှ စတင်ဖွင့်လှစ်သည်။

အဆိုပါပြပွဲတွင် ကလေးများအတွက် ငယ်စဉ်ဘဝမှစတင်ကာ စာဖတ်အလေ့အကျင့်၊ ခေတ်အဆက်ဆက် အောင်မြင်ကျော်ကြားခဲ့သော ကလေးစာပေဆိုင်ရာ စာအုပ်စာတမ်းများနှင့် ကလေးနှင့်လူငယ် စာပေရေးသားခြင်းအကြောင်း၊ ကလေးစာပေရေးသားခြင်းတို့ကို သိရှိစေရန်အတွက် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

နိုဘယ်-မြန်မာစာပေပွဲတော်တွင် ရင်သွေးငယ်များ၏ ကဗျာရွတ်စွမ်းရည်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပြည်တွင်းပြည်ပ စာပေပညာရှင်များ၏ စာပေဟောပြောပွဲများ၊ စာရေးဆရာ၊ ကဗျာဆရာများ၏ ဝတ္ထုဖတ်ပွဲ၊ ကဗျာဖတ်ပွဲများ၊ စာရေးဆရာ၊ ဆရာမများ ပါဝင် သရုပ်ဆောင်ထားကြသည့် တေးသရုပ်ဖော် ဇာတ်လမ်းများ၊ အနုပညာရှင်များ၏ ဖျော်ဖြေခြင်းများ၊ စာအုပ်ဆိုင် ၁၀၀ ကျော်မှ စာအုပ် **စာမျက်နှာ ၃ ကော်လံ ၁ သို့**






themirror.npt@gmail.com
www.facebook.com/themirrordaily